# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၈)ရက် ၊ စနေနေ့ ၊ (5-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၂၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိ




**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။ **စာမျက်နှာ ၁၈ ကော်လံ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင်နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာဖြင့် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဂုဏ်ပြုကြိုဆိုကြစဉ်။

**ရတနာပုံ**

**ယနေ့ဖတ်စရာ**

**ဒုတိယသမ္မတ ဦးညိုစောရှမ်းဖက်ဒရေးရှင်း နိုင်ငံ ဗလာဒီဗော့စတော့ မြို့ရှိ အကြီးဆုံးသော အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှင့် ဗလာဒီဗော့စတော့ ကုန်သွယ်ရေးဆိပ်ကမ်းတို့ကို လှည့်လည်ကြည့်ရှု**

စာမျက်နှာ - ၁၇

**ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ - ၂၃

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ


**နေပြည်တော် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့်(၁၁/၇)ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာကို တာမိုင်(၁၁/၅)နှင့် (၁၁/၆)ကြား ယာယီပန်းတာတည်ဆောက်ခြင်း၊ **စာမျက်နှာ ၂၄ ကော်လံ ၁**

နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက တာကိုယ်ထည်တိုက်စားမှု တားဆီးကာကွယ်ရေးဆောင်ရွက်ပေးစဉ်။






## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၄**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၆ ရက်မှ ၉ ရက်အတွင်း နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ **စာမျက်နှာ ၂၅ ကော်လံ ၁**

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၅ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံ့အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းမည့် ထူးချွန်လူငယ်များ

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးအတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အရေးပါလှသည်။ ထို့ကြောင့် ပညာရေးတွင် ထူးချွန်သူများကို နိုင်ငံတော်က အသိအမှတ်ပြုဂုဏ်ပြုချီးမြှောက်ပေးသကဲ့သို့ တပ်မတော်ကလည်း ဂုဏ်ပြုချီးမြှောက်ပေးခြင်းဖြစ်သည်။ ထိုသို့ ထူးချွန်သူများကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှောက်ပေးခြင်းသည် ဂုဏ်ပြုချီးမြှောက်ခံရသူများအတွက်သာမက ထူးချွန်အောင်မြင်အောင် အားပေးကူညီခဲ့သောမိဘများ၊ သင်ကြားပို့ချပေးသော ဆရာ၊ ဆရာမများကိုပါ ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်စေသည်။

ထို့ပြင် ထူးချွန်သူများကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှောက်ပေးခြင်းအားဖြင့် အခြားလူငယ်များအတွက်ပါ အားကျအတုယူဖွယ် စံနမူနာကောင်းများကို ဖြစ်ပေါ်စေသည်။ ကြိုးစားလျှင် အောင်မြင်နိုင်သည်ဆိုသည့် ယုံကြည်ချက်ကို လူငယ်များ၏စိတ်ထဲတွင် ခိုင်မာစေပြီး မိမိတို့၏ ရည်မှန်းချက်များအတွက် ဆက်လက်ကြိုးစားလိုသည့် စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးရာရောက်သည်။

နိုင်ငံတော်အစိုးရက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်မြင်ခဲ့သူများထဲမှ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ် ၃၁ ရက်က ပြုလုပ်ခဲ့ပြီး အမှတ်အများဆုံးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၀၇ ဦးကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ပေးခဲ့သည်။

အလားတူ တပ်မတော်ကလည်း ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂ ရက်က နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ခဲ့ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။ ထို့နောက် ထူးချွန်သူများကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ရာ မြင်ရသူအပေါင်း ဂုဏ်ယူဝမ်းမြောက်ရပေသည်။

သို့ဖြစ်ရာ ဂုဏ်ပြုချီးမြှောက်ခံရသည့် ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များက မိမိတို့ ယခုရရှိထားသည့် အောင်မြင်မှုအပေါ် ကျေနပ်ကာ ရပ်တန့်မနေဘဲ ဆက်လက်လေ့လာကြိုးပမ်းရန် လိုအပ်သည့်အပြင် မိမိတို့ကိုယ်စီတွင် ပိုင်ဆိုင်ထားပြီဖြစ်သည့် ထူးချွန်လိုသည့် စိတ်ဓာတ်၊ ငယ်ရွယ်စဉ်ကတည်းက ရည်မှန်းချက်ထားရှိခဲ့သည့် ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ် စသည့်စိတ်ဓာတ်များကို အခြေခံပြီး မိမိတို့ရွေးချယ်ရာ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များတွင်လည်း ထူးချွန်အောင်မြင်သူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြရန် လိုပေသည်။ သို့မှသာ မိမိဘဝအတွက်၊ မိသားစုအတွက်၊ နိုင်ငံတော်အတွက် အားကိုးရသည့် နိုင်ငံတော်၏အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သည့်သူများဖြစ်လာမည်ပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၅၈၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၅၈၆ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၅၈၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို တောင်သူတွေကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားပါမယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## မအူပင်မြို့နယ်တွင် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းမွန်နေ



**မအူပင် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ခရမ်းချဉ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိဖြိုးက ပြောပြသည်။

မအူပင်မြို့ ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် ဩဂုတ်လတတိယပတ်မှစတင်ပြီး ယနေ့ထိ ခရမ်းချဉ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် ခရမ်းချဉ်သီးများ တစ်ရက်လျှင် ပိဿာချိန် ၅၅၀၀ မှ ၇၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"မအူပင်မြို့ ကုန်စိမ်းဈေးကွက်ထဲမှာ ခရမ်းချဉ်သီးတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ အသီးတွေက လတ်ဆတ်မှုရှိတာကြောင့် ပိုအရောင်းသွက်နေတယ်။ ဒေသ ကုန်စိမ်းဈေးကွက်မှာကို ဝယ်လက်တွေ အဝယ်များနေပါတယ်။ အရောင်းအဝယ်ကောင်းတဲ့ ခရမ်းချဉ်သီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်။ ခရမ်းချဉ်သီးတွေ အရောင်းအဝယ်ကောင်းနေတော့ တောင်သူတွေနဲ့ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်" ဟု မအူပင်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိဖြိုးက ပြောပြသည်။

မအူပင်မြို့နယ်တွင် ခရမ်းချဉ်သီးများကို အခြားဒေသများမှလည်း ဝယ်ယူတင်သွင်းကာ ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါ အရောင်းအဝယ် ကောင်းမွန်နေသည့် ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

## ဝမ်းတွင်းမြို့နယ် သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သဘွတ်ကုန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့များဖြစ်သော ထူးခြားအောင်အဖွဲ့၊ အောင်ချမ်းသာအဖွဲ့၊ အောင်ပြည့်စုံအဖွဲ့၊ အောင်မြင်သူအဖွဲ့ စုစုပေါင်းအဖွဲ့လေးဖွဲ့ ဖွဲ့စည်းထားပြီး တစ်ဖွဲ့လျှင် အသင်းသားငါးဦး စုစုပေါင်းအသင်းသား ဦးရေ ၂၀ကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# စဥ့်ကိုင်မြို့နယ် ထန်းတောကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**စဥ့်ကိုင် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်က ထန်းတောကျေးရွာအုပ်စု ထန်းတောကျေးရွာ သာရအလင်းရောင် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုက်ကြည်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာနေ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုက်ကြည်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်က မိတ်ဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် မိမိတို့ဌာနအလိုက်လုပ်ငန်းကဏ္ဍဆောင်ရွက်နေမှုအခြေအနေများကိုအပြန်အလှန် ရှင်းလင်းဆွေးနွေးပြီး ဒေသခံပြည်သူများက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များ မေးမြန်းရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဥ့်ကိုင်)**

# ရွှင်မြို့နယ် ယကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှင် စက်တင်ဘာ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယကြီးကျေးရွာအုပ်စု ယကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၇၂၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၇၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၇၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ဧက ၇၉၅၀ စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင် စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပြောင်းသီးနှံဧက ၇၉၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၂၂၄ ဧက၊ ဖူးစားပြောင်း ၇၂၆ ဧက စုစုပေါင်း ဧက ၇၉၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပြောင်းသီးနှံ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ပြောင်းစိုက်ပျိုးရာမှာ တိုးချဲ့စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် ပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့်တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။ **(၂၀၆)**

# သာစည်မြို့နယ် ကျည်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျည်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျည်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျည်းကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဟသ်ာတမြို့နယ်တွင် ဒေသထွက် ပျားလိမ္မော်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ပျားလိမ္မော်သီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ပျားလိမ္မော်သီးများကို ယခုနှစ် ဩဂုတ်လတတိယပတ်မှစတင်၍ယနေ့ထိဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ပျားလိမ္မော်သီးများ တစ်ရက်လျှင် ပိဿာချိန် ၇၅၀၀မှ ၁၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါပျားလိမ္မော်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၇၅၀၀ ထိ အရည်အသွေးအပေါ်မူတည်၍ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဟသ်ာတမြို့နယ်မှာ ပျားလိမ္မော်သီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ပျားလိမ္မော်သီးတွေက ဝယ်လိုအားများနေတာကြောင့် အရောင်းအဝယ်ကောင်းနေတာပါ။ အခုအရောင်းအဝယ်ဖြစ်နေတဲ့ ပျားလိမ္မော်သီးတွေက ဒေသတွင်းမှာ စနစ်တကျ စိုက်ပျိုးထုတ်လုပ်ထားတဲ့ ပျားလိမ္မော်သီးတွေပါ။ လတ်တလော ဟသ်ာတမြို့နယ် သစ်သီးမျိုးစုံဈေးကွက်ထဲမှာ အခြားအသီးတွေထက် ပျားလိမ္မော်သီးက ပိုပြီးအရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဟသ်ာတမြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးထုတ်လုပ်သည့် ပျားလိမ္မော်သီးများ အဓိကအရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါ ပျားလိမ္မော်သီးများ အရောင်းအဝယ် ကောင်းမွန်လာသဖြင့် ပျားလိမ္မော်စိုက်ပျိုးသူများ၊ သစ်သီးမျိုးစုံပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း ဟသ်ာတမြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပန်းငရုတ်ပွစားသုံးခြင်းဖြင့်ရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများ

**ဒေါက်တာလပြည့်ခင်**

**ပန်းငရုတ်ပွ**

ပန်းငရုတ်ပွသည် အရောင်အသွေးစုံလင်ပြီး အာဟာရဓာတ်ကြွယ်ဝသည့်အပြင် လူကြိုက်များသော ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။ ပန်းငရုတ်ပွ၏ အင်္ဂလိပ်အမည်သည် Bell Pepper သို့မဟုတ် Sweet Pepper ဖြစ်ပြီး သိပ္ပံအမည်မှာ Capsicum Annuum ဖြစ်သည်။ ပန်းငရုတ်ပွ၏ မျိုးရင်းမှာ ခရမ်းမျိုးရင်းဝင် Solanaceae ဖြစ်သည်။ ပန်းငရုတ်ပွသည် စပ်သောငရုတ်သီးများနှင့် အမျိုးအစားတူသော်လည်း သဘာဝမျိုးဗီဇအရ အစပ်ဓာတ်ပါဝင်မှုကင်းမဲ့သည့် ငရုတ်သီးအမျိုးအစားဖြစ်ပြီး အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်နှင့် ခရမ်းရောင်ဟူ၍ အရောင်မျိုးစုံရှိကြသည်။

**ပန်းငရုတ်ပွဇာစ်မြစ်**

ပန်းငရုတ်ပွသည် မက္ကဆီကို၊ အမေရိကအလယ်ပိုင်းနှင့် တောင်အမေရိကမြောက်ပိုင်းဒေသများမှ စတင်မြစ်ဖျားခံခဲ့သည်။ ၁၄၉၂ ခုနှစ်တွင် ခရစ္စတိုဖာကိုလံဘတ်စ်က အမေရိကတိုက်သို့ရောက်ရှိပြီးနောက် ကာရစ်ဘီယံဒေသမှတစ်ဆင့် ဥရောပသို့ယူဆောင်သွားခဲ့ရာမှ ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့သွားခဲ့ခြင်းဖြစ်ပြီး တဖြည်းဖြည်းနှင့် မြန်မာနိုင်ငံသို့လည်း ရောက်ရှိစားသုံးကြခြင်းဖြစ်သည်။

**ပန်းငရုတ်ပွစိုက်ပျိုးမှု**

ပန်းငရုတ်ပွသည် ပူနွေးစိုစွတ်သောရာသီဥတုကို နှစ်သက်ပြီး မီးဖိုချောင်သုံးဟင်းသီးဟင်းရွက်အဖြစ်လည်းကောင်း၊ စီးပွားဖြစ်အဖြစ်လည်းကောင်း စိုက်ပျိုးကြသည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပန်းငရုတ်ပွစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်ပြီး မက္ကဆီကို၊ စပိန်၊ တူကီယဲနှင့် အမေရိကန်တို့က အစဉ်လိုက်ရပ်တည်နေသည်။ မြန်မာနိုင်ငံတွင် ပန်းငရုတ်ပွကို ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ပြင်ဦးလွင်နှင့် မြေလတ်ဒေသများတွင်အများဆုံး စိုက်ပျိုးကြသည်။

**ပန်းငရုတ်ပွအမျိုးအစားများ**

ပန်းငရုတ်ပွသည် အဓိကအားဖြင့် အစိမ်း၊ အဝါ၊ အနီနှင့် ခရမ်းရောင်ဟူ၍ အရောင်မျိုးစုံရှိကြပြီး ပန်းငရုတ်ပွအစိမ်းရောင်သည် မမှည့်သေးသည့်အသီးဖြစ်ပြီး အရသာမှာ အနည်းငယ်ခါးသက်သက်ရှိပြီး အသီးမှည့်သွားသည့်အခါ အဝါနှင့် အနီရောင်များဖြစ်လာပြီး ချိုမြိန်သောအရသာနှင့် အာဟာရဓာတ် ပိုမိုကြွယ်ဝလာသည်။ အနီရောင်၊ အဝါရောင်နှင့် အစိမ်းရောင်တို့အနက် ပန်းငရုတ်ပွအနီရောင်တွင် Beta-carotene အာဟာရဓာတ်နှင့် ဗီတာမင်စီ အများဆုံးပါဝင်သောကြောင့် အသက်ရှူလမ်းကြောင်းကျန်းမာရေးနှင့် ကိုယ်ခံအားကို အထိရောက်ဆုံးမြှင့်တင်ပေးနိုင်သည်။ ပန်းငရုတ်ပွ အဝါ၊ ခရမ်းရောင်တို့တွင် ဗီတာမင်စီ၊ Lutein၊ Zeaxanthin တို့ပါဝင်ပြီး မျက်စိကျန်းမာရေးနှင့် အမြင်အာရုံကို အထူးကောင်းမွန်စေကာ ပန်းငရုတ်ပွအစိမ်းရောင်တွင် အမျှင်ဓာတ်၊ ကလိုရိုဖီးတို့ပါဝင်သောကြောင့် အစာခြေစနစ်ကိုကောင်းမွန်ပြီး ဝမ်းမှန်စေသည်။

**ပန်းငရုတ်ပွစားသုံးမှုပုံစံ**

ပန်းငရုတ်ပွစားသုံးမှုအနေဖြင့် အနောက်နိုင်ငံများတွင် ပန်းငရုတ်ပွကို သခွားသီး၊ သံလွင်ဆီ၊ သံပရာရည်၊ ငရုတ်ကောင်းမှုန့်၊ ပျားရည်အနည်းငယ်ဖြင့် အသုပ်သုပ်စားခြင်း၊ ပန်းငရုတ်ပွအနီ သို့မဟုတ် အဝါကို ကြက်ဥ၊ ငရုတ်ကောင်း၊ ဆား၊ ကြက်သွန်မြိတ်တို့ဖြင့် အစာသွပ်ကင်စားခြင်းနှင့် ဆော့စ်များပြုလုပ်ရာ၌ အဓိကအသုံးပြုကြပြီး အပူလုံးဝမထိသဖြင့် ဗီတာမင်စီအပြည့်အဝရရှိသည်။ မြန်မာတို့၏ မီးဖိုချောင်တွင် ပန်းငရုတ်ပွကို အသား၊ ပုစွန်တို့ဖြင့် ရောကြော်ခြင်း၊ အကင်ဆိုင်များတွင် အသားများနှင့် ရောသီ၍ကင်ခြင်း၊ သုပ်စားခြင်းနှင့် အချဉ်ထုတ်ရာတွင် ထည့်သွင်းစားသုံးကြသည်။

**ပန်းငရုတ်ပွတွင်ပါဝင်သော အာဟာရဓာတ်များ**

အနံ့မွှေးပြီး အသားအိအိကလေးရှိသည့် အနီရောင်၊ အစိမ်းရောင်၊ အဝါရောင် ပန်းငရုတ်ပွသီးတွင်



ကယ်လိုရီ၊ ရေဓာတ်၊ ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်၊ သကြားဓာတ်၊ အမျှင်ဓာတ်နှင့် အဆီဓာတ်တို့ပါဝင်သည်။ ဗီတာမင်နှင့် သတ္တုဓာတ်များအနေဖြင့် ကိုယ်ခံအားကိုအားဖြည့်ပေးသော ဗီတာမင်စီ၊ သွေးနီဥဆဲလ်များကိုဖြစ်ပေါ်စေသော ဗီတာမင် B6၊ အရိုးများကိုသန်မာစေပြီး သွေးခဲစေရန်အားဖြည့်ပေးသော ဗီတာမင် K1၊ နှလုံးကျန်းမာစေသော ပိုတက်စီယမ်၊ ခန္ဓာကိုယ်ကိုကျန်းမာစေသော ဖောလိတ်ဓာတ်၊ အာရုံကြောနှင့်ကြွက်သားများကို သန်မာစေသော ဗီတာမင်အီးနှင့် အမြင်အာရုံကျန်းမာစေသော ဗီတာမင်အေတို့ပါဝင်သည်။

ပန်းငရုတ်ပွ ၁၀၀ ဂရမ်တွင် စွမ်းအင် ၂၆ ကီလိုကယ်လိုရီ၊ ရေဓာတ် ၉၂ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၂ ဒသမ ၁ ဂရမ်၊ ဗီတာမင်စီ ၁၂၇ ဒသမ ၇ မီလီဂရမ် (နေ့စဉ်လိုအပ်ချက်ထက် ပိုပါဝင်သောပမာဏ)၊ ဗီတာမင်အေ ၃၁၃၁ အိုင်ယူ၊ ဗီတာမင် B6၊ ဗီတာမင် K1၊ ပိုတက်စီယမ်ဓာတ်နှင့် ဖောလိတ်ဓာတ်တို့ သင့်တင့်စွာပါဝင်နေပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သည့် Capsanthin၊ Quercetin နှင့် Lutein တို့လည်းပါဝင်သည်။

**အစာခြေစနစ်ကျန်းမာစေခြင်း**

ပန်းငရုတ်ပွတွင် အမျှင်ဓာတ်ပါဝင်နေသောကြောင့် အစာခြေစနစ်ကိုကျန်းမာစေရန် အားဖြည့်ပေးပြီး အူနံရံများကို အာဟာရစုပ်ယူမှုကောင်းစေရန် အားဖြည့်ပေးကာ ဝမ်းမှန်စေသည်။

**ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေလျှော့ချပေးခြင်း**

ပန်းငရုတ်ပွတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်း Capsanthin၊ Quercetin နှင့် Lutein တို့ ကြွယ်ဝစွာပါဝင်သဖြင့် ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးပြီး ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးသည်။

**မျက်စိကိုကာကွယ်ပေးခြင်း**

ပန်းငရုတ်ပွတွင် ဗီတာမင်အေနှင့် Lutein တို့ပါဝင်သောကြောင့် အမြင်အာရုံကိုအထောက်အကူပြုပြီး Lutein နှင့် Zeaxanthin ဓာတ်များက အသက်အရွယ်ကြောင့်ဖြစ်တတ်သော မျက်စိကွယ်ခြင်းနှင့် အတွင်းတိမ်ဖြစ်ခြင်းမှလည်း ကာကွယ်ပေးသည်။

**အရေပြားနုပျိုစေခြင်း**

ပန်းငရုတ်ပွတွင် ဗီတာမင်စီ ပါဝင်သောကြောင့် ကော်လာဂျင်ထွက်ရှိစေရန် လှုံ့ဆော်ပေးနိုင်ပြီး အရေပြားကိုနုပျိုစေသည်။ ကော်လာဂျင်က အသားအရေကိုကျန်းမာစေသကဲ့သို့ အရေပြားပြဿနာအတော်များများကို သက်သာစေနိုင်သောကြောင့် အသားအရေလှပလိုသူများ စားသုံးပေးသင့်သည်။

**ခုခံအားစနစ်ကိုမြှင့်တင်ပေးခြင်း**

ပန်းငရုတ်ပွတွင် သံပရာသီးနှင့် လိမ္မော်သီးတို့တွင်ပါဝင်သော ဗီတာမင်စီပမာဏထက် ပိုမိုပါဝင်ပြီး ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို မြှင့်တင်ပေးသောကြောင့် ကိုယ်ခံအားကောင်းမွန်စေပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများကို ခန္ဓာကိုယ်မှ ပိုမိုတွန်းလှန်နိုင်ရန် ကူညီပေးသည်။ ထို့ကြောင့် ဗီတာမင်စီကြွယ်ဝသော ပန်းငရုတ်ပွကို ကိုယ်ခံအားကောင်းမွန်စေရန် စားသုံးသင့်သည်။

**အသက်ရှူလမ်းကြောင်းကောင်းမွန်စေခြင်း**

ပန်းငရုတ်ပွသည် အသက်ရှူလမ်းကြောင်း ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သည့် ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။ ပန်းငရုတ်ပွ (အထူးသဖြင့် အနီရောင်)တွင် သံပရာသီး၊ လိမ္မော်သီးတို့ထက် အဆုတ်၏လုပ်ဆောင်ချက်ကို မြှင့်တင်ပေးပြီး အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ အအေးမိခြင်းနှင့် တုပ်ကွေးရောဂါများကို ကာကွယ်ပေးသော ဗီတာမင်စီ ပိုမိုမြင့်မားစွာပါဝင်သောကြောင့် အသက်ရှူလမ်းကြောင်းကျန်းမာစေရန် အဓိကအထောက်အကူပြုခြင်းဖြစ်သည်။

**သွေးအားကောင်းခြင်း**

ပန်းငရုတ်ပွတွင် ဗီတာမင်စီနှင့် သံဓာတ်တို့ပေါင်းစပ်ပါဝင်သဖြင့် အစားအစာများမှ သံဓာတ်စုပ်ယူမှုကို နှစ်ဆတိုးတက်စေပြီး သွေးအားကောင်းစေကာ သံဓာတ်အားနည်းမှုကြောင့် အဖြစ်များသည့် သွေးအားနည်းရောဂါမဖြစ်ရန် ကူညီပေးသည်။

**ကိုယ်အလေးချိန်ထိန်းညှိပေးခြင်း**

ပန်းငရုတ်ပွတွင် ကယ်လိုရီပါဝင်မှုနည်းပါးပြီး ရေဓာတ်နှင့်အမျှင်ဓာတ် ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်အလေးချိန် လျှော့ချလိုသူများအတွက် သင့်တော်သောဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ပါသည်။

**ရောင်ရမ်းမှုများကိုလျှော့ချပေးခြင်း**

ပန်းငရုတ်ပွတွင် ဗီတာမင်အေနှင့် Capsanthin စသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သောကြောင့် အဆုတ်ဆဲလ်များပျက်စီးခြင်းမှ ကာကွယ်ပေးပြီး ရောင်ရမ်းမှုများကို လျှော့ချပေးသည်။

**ပန်းနာရင်ကျပ်သက်သာစေခြင်း**

ပန်းငရုတ်ပွတွင် လေပြွန်ရောင်ရမ်းမှုကိုလျှော့ချပေးနိုင်သော ရောင်ရမ်းမှုဆန့်ကျင်ဓာတ်များ ပါဝင်သောကြောင့် ပန်းနာရင်ကျပ်(Asthma) ဝေဒနာခံစားနေရသူများအတွက် အကျိုးရှိသည်။

**မျက်လုံးကျန်းမာစေခြင်း**

ပန်းငရုတ်ပွတွင် ဗီတာမင်အေပါဝင်သောကြောင့် အမြင်အာရုံကျန်းမာစေရန် အားဖြည့်ပေးပြီး အသက်အရွယ်ကြောင့် အမြင်အာရုံပျက်စီးခြင်း၊ အတွင်းတိမ်စသည်တို့မဖြစ်စေရန်နှင့် ဓာတ်တိုးပစ္စည်းများကြောင့် အမြင်အာရုံထိခိုက်ခြင်းမဖြစ်စေရန်လည်း ကာကွယ်ပေးနိုင်သည်။

**သန္ဓေသားကို အာဟာရဖြစ်စေခြင်း**

ပန်းငရုတ်ပွတွင်ပါဝင်သော အာဟာရဓာတ်များနှင့် သတ္တုဓာတ်များကြောင့် ကိုယ်ဝန်ဆောင်မိခင်များစားသုံးခြင်းဖြင့် သန္ဓေသားကို အာဟာရဖြစ်စေပါသည်။

**နှလုံးကျန်းမာစေခြင်း**

ပန်းငရုတ်ပွတွင် ပိုတက်စီယမ်ဓာတ်နှင့် ဖောလိတ်ဓာတ်တို့ပါဝင်သောကြောင့် သွေးဖိအားကို ထိန်းညှိပေးပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါသည်။

**နာတာရှည်ကျန်းမာရေးကိုကာကွယ်ပေးခြင်း**

ပန်းငရုတ်ပွစားသုံးပေးခြင်းဖြင့် နာတာရှည်ကျန်းမာရေးပြဿနာများဖြစ်ကြသည့် လေဖြတ်ခြင်း၊ အမျိုးအစား ၂ ဆီးချို၊ သွေးတိုးနှင့် ကင်ဆာရောဂါမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။

**သတိပြုစားသင့်သောအချက်များ**

ပန်းငရုတ်ပွသည် Nightshade မျိုးရင်းဝင်ဖြစ်သဖြင့် အချို့သူများတွင် အဖုအပိမ့်ထခြင်း၊ ယားယံခြင်း စသည့်ဓာတ်မတည့်ဖြစ်နိုင်ခြင်း၊ အစိမ်းအတိုင်းပမာဏအများအပြားစားသုံးပါက အမျှင်ဓာတ်အလွန်များပြားသွားပြီး လေပွခြင်း၊ ဗိုက်အောင့်ခြင်း၊ အစာအိမ်မအီမသာဖြစ်နိုင်ခြင်း၊ မစားသုံးမီသေချာစွာမဆေးကြောပါက စိုက်ပျိုးရေးသုံးပိုးသတ်ဆေးကြွင်းကျန်မှုများ ခန္ဓာကိုယ်တွင်းရောက်ရှိနိုင်ခြင်းတို့ကြောင့် သတိပြုစားသုံးသင့်သည်။

**အနှစ်ချုပ်**

ပန်းငရုတ်ပွသည် အမြင်အာရုံကျန်းမာရေးကို ထိန်းသိမ်းပေးခြင်း၊ အရေပြားကျန်းမာရေးအတွက် ကောင်းမွန်ခြင်း၊ အသက်ရှူလမ်းကြောင်းကျန်းမာရေးအတွက် ကောင်းမွန်စေခြင်း၊ သွေးလည်ပတ်မှုကို ကူညီပေးနိုင်ခြင်း၊ ကိုယ်ခံအားကောင်းမွန်စေခြင်း၊ သန္ဓေသားအတွက် အာဟာရဖြစ်စေခြင်း၊ ကိုယ်အလေးချိန်ကျစေရန် ကူညီပေးနိုင်ခြင်း၊ အစာခြေစနစ်အတွက်ကောင်းခြင်း၊ အောက်ဆီဂျင်ဓာတ်တိုးပစ္စည်းများ ပါဝင်ခြင်း၊ ရောင်ရမ်းမှုများကို လျှော့ကျစေခြင်း၊ အာရုံကြောစနစ်အတွက်ကောင်းမွန်ခြင်း အစရှိသည့် ကောင်းကျိုးများစွာ ရရှိစေနိုင်သည်။ ထို့ကြောင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရှိသော ပန်းငရုတ်ပွကို နေ့စဉ်အစားအသောက်များတွင် သင့်တင့်မျှတစွာ ထည့်သွင်းစားသုံးပေးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

# နိုင်ငံကို ချစ်ကြစို့

- နိုင်ငံကို ချစ်ကြစို့
မောင်မယ်တို့ ဘဝမှာ၊
တာဝန်တွေ မပျက်တမ်း
ရွက်ထမ်းစဉ်သာ၊
မေတ္တာဖြင့် ရှေးရှုကာ
စေတနာ ရင်မှာမွေး၊
နိုင်ငံ့အကျိုးကို ရည်မျှော်ကိုး
သယ်ပိုးစို့လေး။

- အတ္တတွေ ဖယ်ခွာအဝေး
နှလုံးသွေး ရှင်းသန့်စေ၊
နိုင်ငံ့ဂုဏ် မြှင့်တင်လျက်
ရှေ့ဆက်မယ်လေ၊
ရိုးသားလို့ ကြိုးစားနေ
မောင်မယ်ဆွေ လူငယ်များ၊
ကိုယ့်နိုင်ငံ သာယာရေးကို
စဉ်တွေးလှုပ်ရှား။

- ကိုယ့်နိုင်ငံ အလှတရား
နှစ်ဆပွားလို့ တိုးတက်ရန်၊
စွမ်းဆောင်ရည် မြှင့်တင်ရင်း
အားတင်းတွေးကြံ၊
တို့ချစ်သော တို့နိုင်ငံ
အဖိုးတန် ရတနာအဖြစ်၊
စိတ်သန္တာန်မှာ တန်ခိုးထွားလို့
ကြိုးစားထုဆစ်။ ။

လမင်းခန့်(ပညာရေး)

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့အတွက် ဆောင်ရွက်သွားမယ်။ ဂျုံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးတာတွေ၊ ဂျုံအထွက်နှုန်းတိုးတက်အောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ နှန်းသားတွေ၊ ပေါင်းတွေရှင်းဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဂျုံအထွက်နှုန်းတိုးဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးသွားမယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံစိုက်ပျိုးမည့် တောင်သူများကို ဂျုံအထွက်နှုန်းတိုးတက်ရေးအတွက် တောင်သူများကို ပညာပေးသင်တန်းများပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရေးဆောင်ရွက်ပေးခြင်း၊ ပုလဲဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရွှေတောင်မြို့နယ် သပြေကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ရွှေတောင် စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများနှင့်စီမံကိန်းနှင့်ပတ်သက်၍ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်ထံမှ သိရသည်။ **ဆက်လှူ**

# အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်)၌ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ မူပိုင်ခွင့်ဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ပြသခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးမိုးသွယ်က မူပိုင်ခွင့်၏အဓိပ္ပာယ်နှင့် တီထွင်မှုများအကြောင်းကို ဟောပြောသည်။

ဆက်လက်၍ အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဇာနည်ထွန်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တီထွင်ဖန်တီးမှုများ ပြုလုပ်ပါက ဒေသလိုအပ်ချက်များကို ဦးစားပေးစမ်းသပ်ထုတ်လုပ်စေလိုကြောင်း၊ ဈေးကွက်အတွင်း ရောင်းချနိုင်ပါက မိမိတို့တီထွင်မှုများနစ်နာမှုမရှိစေရေး မူပိုင်ခွင့်များပြုလုပ်သွားကြရန် ရှင်းလင်းပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ စိမ့်သန္တာထွန်းက မူပိုင်ခွင့်သမိုင်းကြောင်း၊ မူပိုင်ခွင့်စနစ်၊ မူပိုင်ခွင့်အမျိုးအစားများနှင့် တီထွင်ဖန်တီးမှုများကို ဈေးကွက်ရှာဖွေခြင်း အကြောင်းများကို ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ရုရှား၊ ပြင်သစ်၊ အမေရိကန်၊ ကနေဒါနိုင်ငံတို့သို့ ဗီယက်နမ်သမ္မတ သွားရောက်မည်



**ဟန္နိုင်း စက်တင်ဘာ ၄**

ဗီယက်နမ်သမ္မတ တိုလန်းသည် ယခုလအတွင်း ရုရှား၊ ပြင်သစ်၊ အမေရိကန်၊ ကနေဒါနိုင်ငံတို့သို့ သွားရောက်ရန် စီစဉ်ထားကြောင်း ဗီယက်နမ်အစိုးရ သတင်းအရင်းအမြစ်များ၏ အဆိုကို ကိုးကား၍ ယနေ့ သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

သတင်း အရင်းအမြစ်များ၏ အဆိုအရ ဗီယက်နမ်သမ္မတ တိုလန်းသည် လာမည့်စက်တင်ဘာ ၇ ရက်တွင် ရုရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ရုရှားခရီးစဉ် ပြီးဆုံးချိန်တွင် ဗီယက်နမ်သမ္မတ တိုလန်းသည် ပြင်သစ်နိုင်ငံသို့ ဆက်လက်သွားရောက်၍ ပြင်သစ်သမ္မတ မက်ခရွန်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ပြင်သစ်ခရီးစဉ်အတွင်း သမ္မတ တိုလန်းသည် ပဲရစ်မြို့၌ စက်တင်ဘာ ၉ ရက်မှ ၁၀ ရက်ထိ ကျင်းပမည့် နိုင်ငံတကာအာကာသ ထိပ်သီးညီလာခံသို့လည်း တက်ရောက်ဖွယ်ရှိကြောင်း သိရသည်။

ပြင်သစ်ခရီးစဉ် အပြီးတွင် သမ္မတတိုလန်းသည် ဗီယက်နမ်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး အမေရိကန်ခရီးစဉ် စတင်မည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

အမေရိကန် ခရီးစဉ်ပြီးဆုံးချိန်တွင် သမ္မတတိုလန်းအနေဖြင့် ကနေဒါနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဟု ဗီယက်နမ်အစိုးရ သတင်း အရင်းအမြစ်များက ပြောကြားထားကြောင်းသိရသည်။

Ref : RT

Trs : KKO

# ယူကရိန်းစစ်ရေးပဋိပက္ခအတွက် ငြိမ်းချမ်းရေးသဘောတူညီချက်ရယူရန် အခွင့်အလမ်းရှိကြောင်း သမ္မတပူတင်ပြောကြား

**မော်စကို စက်တင်ဘာ ၄**

ယူကရိန်း စစ်ရေးပဋိပက္ခကို အဆုံးသတ် နိုင်ရေးအတွက် သဘောတူညီချက် တစ်ရပ်ရယူနိုင်မည့် အခွင့်အလမ်းတစ်ရပ်ရှိကြောင်း ရုရှားသမ္မတပူတင်က စက်တင်ဘာ ၃ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။




ရုရှားနိုင်ငံအရှေ့ဖျား ဗလာဒီဗော့စတော့မြို့၌ ကျင်းပခဲ့သည့် အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီ အစည်းအဝေးမိန့်ခွန်း၌ သမ္မတပူတင်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယူကရိန်း စစ်ရေးပဋိပက္ခကို အဆုံးသတ် နိုင်ရေးအတွက် သဘောတူညီချက် တစ်ရပ်ရယူနိုင်မည့် အခွင့်အလမ်းတစ်ရပ်ရှိကြောင်း၊ အဆိုပါငြိမ်းချမ်းရေး သဘောတူညီချက် ရရှိရေးအတွက် အကူအညီပေးရန် အမေရိကန်နှင့် တရုတ်နိုင်ငံအပါအဝင် နိုင်ငံအများအပြားက အသင့်ရှိနေကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

သို့ရာတွင် ယူကရိန်းစစ်ရေး ပဋိပက္ခကို အဓိကဖြေရှင်းရမည့် နိုင်ငံများမှာ စစ်ရေးပဋိပက္ခတွင် ပါဝင်နေသည့် နိုင်ငံများဖြစ်သော ရုရှား၊ ယူကရိန်းတို့သာဖြစ်သည်ဟု ဗလာဒီဗော့စတော့ အရှေ့ဖျား စီးပွားရေးဖိုရမ်၌ သမ္မတပူတင်က သုံးသပ်ထားကြောင်းသိရသည်။

Ref : RT

Trs : KKO

# အခမဲ့နေ့လယ်စာကျွေးမွေးမှုနှင့် ဆက်စပ်နေသော အစာအဆိပ်သင့်မှုကို စုံစမ်းစစ်ဆေးရန် အင်ဒိုနီးရှားလူ့အခွင့်အရေးကော်မရှင် တိုက်တွန်း

**ဂျကာတာ စက်တင်ဘာ ၄**

သမ္မတ ပရာဘိုဝိုဆူဘီယန်တို၏ ကျောင်းသား၊ ကျောင်းသူများ အခမဲ့နေ့လယ်စာ ကျွေးမွေးရေး အစီအစဉ်နှင့် ဆက်စပ်နေသော အစာအဆိပ်သင့်မှုကို စုံစမ်းစစ်ဆေးရန် အင်ဒိုနီးရှားလူ့အခွင့်အရေးကော်မရှင်က ရဲတပ်ဖွဲ့ကို ယနေ့တွင် တိုက်တွန်းပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၏ အဓိက ကျွန်းကြီး သုံးခုတို့တွင် အစိုးရ၏ အခမဲ့နေ့လယ်စာ စားသုံးပြီးနောက် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ ဦးရေ ၂၀၀ ကျော်တို့ အစာအဆိပ်သင့်မှုကြောင့် နာမကျန်းဖြစ်ခဲ့ကြသည်။

အစိုးရ၏ အခမဲ့နေ့လယ်စာ ကျွေးမွေးရေးအစီအစဉ်ကို ပြီးခဲ့သည့်နှစ်အတွင်း စတင်ခဲ့ပြီး အစီအစဉ်စတင်ချိန်မှစ၍ ယခုလထိ အစာအဆိပ်သင့်မှုကို ကျောင်းသား၊ ကျောင်းသူဦးရေ ၁၅၀၀၀ ထိ ခံစားခဲ့ရကြောင်းသိရသည်။

သို့ဖြစ်ရာ အခမဲ့နေ့လယ်စာ ကျွေးမွေးရေး အစီအစဉ်ကာလ အတွင်းအစာအဆိပ်သင့်မှုကို စုံစမ်းစစ်ဆေးရန် အင်ဒိုနီးရှားရဲတပ်ဖွဲ့ကို လူ့အခွင့်အရေးကော်မရှင်က တိုက်တွန်းပြောကြားထားသည်။

ထို့ပြင် အစာအဆိပ်သင့်မှုအတွက် တာဝန်ရှိနိုင်သော ကျောင်းစားဖိုဆောင်များကိုလည်း ယာယီပိတ်ထားရန် အင်ဒိုနီးရှား လူ့အခွင့်အရေး ကော်မရှင်က တောင်းဆိုထားကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# ဟော်မုဇ်ရေလက်ကြားကာကွယ်ရေးအတွက် စစ်ရေးဖြန့်ကြက်မှု တောင်ကိုရီးယားစဉ်းစားနေ

**ဆိုးလ် စက်တင်ဘာ ၄**

ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများ ကာကွယ်ရေးအတွက် စစ်ရေးဖြန့်ကြက်မှု နည်းလမ်းအပါအဝင် နည်းလမ်းမျိုးစုံကို တောင်ကိုရီးယားအစိုးရက စဉ်းစားနေကြောင်း တောင်ကိုရီးယား သမ္မတရုံး တာဝန်ရှိသူတစ်ဦးက ယနေ့တွင် ထုတ်ဖော် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

သို့ရာတွင် မီဒီယာများ၌ ရေးသားတင်ပြ ထားသကဲ့သို့ ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများ ကာကွယ်ရေးအတွက် စစ်ရေးအရ ဖြန့်ကြက်ရန် ဆုံးဖြတ်ချက် ချထားခြင်းမရှိကြောင်း တောင်ကိုရီးယားသမ္မတရုံး တာဝန်ရှိသူများက ပြောကြားထားသည်။

ယခုနှစ်ကုန်ပိုင်းတွင် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်း လုံခြုံရေးအတွက် စစ်ရေးဖြန့်ကြက်မှုပြုလုပ်ရန် တောင်ကိုရီးယားအစိုးရက ပြင်ဆင်နေပြီး လွှတ်တော်၏ သဘောတူညီချက်ရယူရန် ကြိုးပမ်းနေကြောင်း တောင်ကိုရီးယား မီဒီယာများက စက်တင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင်တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်သည် လာမည့် ရက်သတ္တပတ်အတွင်း ပြင်သစ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ရာ ထိုခရီးစဉ်အတွင်း ပြင်သစ်သမ္မတ မက်ခရွန်နှင့် တွေ့ဆုံစဉ်ဟော်မုဇ် ရေလက်ကြားကိစ္စကို ထည့်သွင်းဆွေးနွေးဖွယ် ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပရော်ဖက်ဆာမိုလ်ချာနော့ဗ်သင်္ဘော ချက်ချင်းပြန်လွှတ်ပေးရန် နော်ဝေနိုင်ငံကို ရုရှားနိုင်ငံ တောင်းဆို



**မော်စကို စက်တင်ဘာ ၄**

နော်ဝေနိုင်ငံက အာတိတ်ဒေသ၌ ဖမ်းဆီးသိမ်းယူထားသော ရုရှားသင်္ဘောကို ချက်ချင်းပြန်လွှတ်ပေးရန် ရုရှားအစိုးရက စက်တင်ဘာ ၃ ရက်တွင် တောင်းဆိုခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နော်ဝေနိုင်ငံသည် ယူကရိန်းနိုင်ငံပိုင် နက်ဖတိုဂက်ဇ်စွမ်းအင်ကုမ္ပဏီ၏ တောင်းဆိုချက်အရ ပရော်ဖက်ဆာမိုလ်ချာနော့ဗ် ရုရှားသင်္ဘောကို စက်တင်ဘာ ၂ ရက်တွင် အာတိတ်ဒေသ၌ ဖမ်းဆီးသိမ်းယူခဲ့ခြင်းဖြစ်သည်။

နက်ဖတိုဂက်ဇ် စွမ်းအင်ကုမ္ပဏီသည် ၂၀၁၄ ခုနှစ်အတွင်း ကရိုင်းမီးယားကျွန်းဆွယ်ဒေသကို ရုရှားအချုပ်အခြာအောက် ထည့်သွင်းခဲ့ပြီးနောက် ရုရှားအာဏာပိုင်များ သိမ်းယူခဲ့သည့် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအတွက် လျော်ကြေး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ ရယူလိုကြောင်း နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့အခြေစိုက် နိုင်ငံတကာ အနုညာတ တရားရုံး၌ တောင်းဆိုထားသည်။

နက်ဖတိုဂက်ဇ် စွမ်းအင်ကုမ္ပဏီ၏ အဆိုပါတောင်းဆိုချက်ကို အနုညာတ တရားရုံးက ၂၀၂၃ ခုနှစ်တွင် အနိုင်ပေးခဲ့ရာ တရားရုံး စီရင်ချက်ကို နော်ဝေနိုင်ငံကလည်း အသိအမှတ်ပြုထားသည်။

အဆိုပါ တရားရုံးစီရင်ချက်အရ ပရော်ဖက်ဆာ မိုလ်ချာနော့ဗ် သင်္ဘောကို မြောက်ဝင်ရိုးစွန်းဒေသ အနီး ဖမ်းဆီးသိမ်းယူထားကြောင်း နော်ဝေနိုင်ငံ တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါသင်္ဘောကို ချက်ချင်း ပြန်လွှတ်ပေးရန် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ရုရှားနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီးကို ဆင့်ခေါ်၍ တောင်းဆိုထားကြောင်းသိရသည်။

Ref : RT

Trs : KKO

# ဥရောပအာကာသအေဂျင်စီ၏ Bepicolombo အာကာသယာဉ်က ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်းသို့ ဝင်ရောက်ရမည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်



ပဲရစ် စက်တင်ဘာ ၄

ဥရောပအာကာသအေဂျင်စီ၏ Bepicolombo အာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်းသို့ ဝင်ရောက်ရမည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း စက်တင်ဘာ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Bepicolombo မစ်ရှင်၏ MPO နှင့် Mio အမည်ရှိ အာကာသယာဉ်နှစ်စင်းသည် မိခင်အာကာသယာဉ်မှ ခွာထွက်၍ ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်ရန် ပြင်ဆင်မည်ဖြစ်ကြောင်း သိရသည်။

Bepicolombo မစ်ရှင်၏ MPO အာကာသယာဉ်ကို ဥရောပအာကာသအေဂျင်စီက တည်ဆောက်ထားခြင်းဖြစ်ပြီး Mio အာကာသယာဉ်ကို ဂျပန်အာကာသအေဂျင်စီက တည်ဆောက်ပေးထားသည်။

အဆိုပါအာကာသယာဉ်နှစ်စင်းသည် ယခုနှစ် နိုဝင်ဘာလကုန်ပိုင်းနှင့် ဒီဇင်ဘာလအစောပိုင်းကာလအတွင်း ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းမည်ဖြစ်ပြီး ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် MPO အာကာသယာဉ်နှင့် Mio အာကာသယာဉ်တို့သည် စူးစမ်းလေ့လာရေးလုပ်ငန်းများကို ၂၀၂၇ ခုနှစ် ဧပြီလတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

Bepicolombo အာကာသယာဉ်သည် ရှစ်နှစ်ကြာပျံသန်းခဲ့ပြီးနောက် ဗုဒ္ဓဟူးဂြိုဟ်အနီးသို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

Ref : Russia Today

Trs : KKO

# ရင်သားကင်ဆာ ပျောက်ကင်းသက်သာလာသူများ နှလုံးဆေးများကို တစ်ဘဝလုံးသုံးရန် လိုအပ်ဖွယ်မရှိ

လန်ဒန် စက်တင်ဘာ ၄

နှလုံးပြဿနာများပေါ်ထွက်စေသည့် ကုထုံးများရယူခဲ့ရသည့် ရင်သားကင်ဆာ ပျောက်ကင်းသက်သာလာသူ အမျိုးသမီးများ အနေဖြင့် ဘဝတစ်လျှောက်လုံး နှလုံးဆေးဝါးများသုံးစွဲရန် လိုအပ်နိုင်ဖွယ်မရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ စက်တင်ဘာ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နှလုံးကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကုထုံးများခံယူပြီးနောက် ရင်သားကင်ဆာ ပျောက်ကင်းသက်သာခဲ့သူများတွင် နှလုံးကျန်းမာရေးကို ထိန်းထားနိုင်ရန် နှလုံးဆေးဝါးများကို ဘဝတစ်လျှောက်လုံး သုံးစွဲရန်လိုကြောင်း ဆေးပညာရှင်များက အကြံပြုတတ်ကြသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အထက်ပါလူနာများအနက် အများစုမှာ နှလုံးရောဂါဆေးဝါးများ သုံးစွဲမှုရပ်တန့်လိုက်သည့်တိုင် နောင်တစ်နှစ်ကြာသည်ထိ နှလုံး၏လုပ်ငန်းလည်ပတ်မှုပုံစံအပြောင်းအလဲမရှိသည်ကိုတွေ့ရကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ရင်သားကင်ဆာပျောက်ကင်းသက်သာပြီးနောက် နှလုံးကျန်းမာရေး ထူထူထောင်ထောင်ဖြစ်လာသော အမျိုးသမီးဦးရေ ၉၀ တို့ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ပြီး အထက်ပါလေ့လာတွေ့ရှိချက်သည် ရင်သားကင်ဆာ ပျောက်ကင်းသက်သာလာပြီးနောက် နှလုံးဆေးများသုံးစွဲနေကြရသည့် အမျိုးသမီးလူနာများအတွက် သတင်းကောင်းတစ်ရပ် ဖြစ်လာနိုင်ခြေရှိသည်။

Ref : Russia Today

Trs : KKO

# အာကာသစူးစမ်းလေ့လာရေးအဖွဲ့အစည်းတစ်ခုက အာကာသယာဉ်ငယ်တစ်စင်းကို အယ်လ်ဖာစင်တော်ရီကြယ်စနစ်ဆီသို့ ၂၀၂၉ ခုနှစ်တွင်လွှတ်တင်ရန် စီစဉ်ထား

ဝါရှင်တန် စက်တင်ဘာ ၄

ဖာမီအိတ်ပလိုရာ မစ်ရှင်အမည်ရှိအာကာသစူးစမ်းလေ့လာရေး အဖွဲ့အစည်းတစ်ခုသည် အာကာသယာဉ်ငယ် တစ်စင်းကို အယ်လ်ဖာစင်တော်ရီ ကြယ်စနစ်ဆီသို့ ၂၀၂၉ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း စက်တင်ဘာ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သို့ရာတွင် အဆိုပါအာကာသယာဉ်ငယ်သည် အယ်လ်ဖာစင်တော်ရီကြယ်စနစ်သို့ နောင်နှစ်ပေါင်း ၈၀၀၀၀ အကြာတွင်မှသာ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အယ်လ်ဖာစင်တော်ရီ ကြယ်စနစ်သည် နေနှင့်အနီးဆုံး ကြယ်စနစ်ဖြစ်ပြီး နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၄ ဒသမ ၄ နှစ်အကွာတွင် တည်ရှိသော သုံးစင်းတွဲကြယ်စနစ်ဖြစ်သည်။




ဖာမီအိတ်ပလိုရာမစ်ရှင်၏ ဖာမီအိတ်ပလိုရာ အာကာသယာဉ်သည် အခြားကြယ်စနစ်တစ်ခုကို တိုက်ရိုက်ပျံသန်းမည့် ပထမဆုံး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

ဖာမီအိတ်ပလိုရာ အာကာသယာဉ်သည် အနည်းဆုံးအလေးချိန် ၂ ဒသမ ၂ ပေါင် (တစ်ကီလိုဂရမ်) ရှိမည့် စူးစမ်းလေ့လာရေးစနစ်များကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဗွိုင်ယေဂျာ-၁ နှင့် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်များသည် လက်ရှိအချိန်တွင် ကြယ်တာရာပဟင်းလင်းပြင်အတွင်း ရောက်ရှိနေသော်လည်း မည်သည့်ကြယ်စနစ်ဆီသို့မျှ ဦးတည်ပျံသန်းနေခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# တက်စတိုစတာရုန်းဟော်မုန်းကုထုံးခံယူနေသူ အမျိုးသားများ၌ လေဖြတ်နိုင်ခြေမြင့်တက်လာနိုင်

နယူးယောက် စက်တင်ဘာ ၄

တက်စတိုစတာရုန်းဟော်မုန်း ကုထုံးခံယူနေသူ အမျိုးသားများ၌ လေဖြတ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တက်စတိုစတာရုန်း ဟော်မုန်း ကုထုံးခံယူနေသည့် အမျိုးသားများ၌ တက်စတိုစတာရုန်းဟော်မုန်းအဆင့် ပုံမှန်မဟုတ်ဘဲ မြင့်တက်လာခဲ့ပါက နှလုံးခုန်နှုန်းမူမမှန်မှု ပြဿနာ ပေါ်ထွက်လာတတ်ပြီး လေဖြတ်နိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း၊ မိမိတို့၏လေ့လာတွေ့ရှိချက်အရ တက်စတိုစတာရုန်းဟော်မုန်း ကုထုံးသည် နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာ ပေါ်လာနိုင်ခြေနှင့် ဆက်စပ်နေကြောင်း အမေရိကန် သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

အမျိုးသားများ၌ အသက်အရွယ်ရလာချိန်တွင် တက်စတိုစတာရုန်းဟော်မုန်းအဆင့် ကျလာတတ်ကြောင်း သိရသည်။

တက်စတိုစတာရုန်းဟော်မုန်း ကျဆင်းမှု လွန်ကဲလာပါက မောပန်းနွမ်းနယ်ခြင်း၊ စိတ်ဓာတ်ကျဆင်းလာခြင်း၊ စိတ်အာရုံစူးစိုက်နိုင်စွမ်း ကျဆင်းလာခြင်း၊ လိင်စိတ်လျော့ပါးလာခြင်း စသည့် ပြဿနာများ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# ဆိုင်စပက်တစ်ကုမ္ပဏီ၏ ရေဒါဂြိုဟ်တုတစ်စင်းကို Rocket Lab ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်ပေးခဲ့

တိုကျို စက်တင်ဘာ ၄

ဂျပန်နိုင်ငံအခြေစိုက် ဂြိုဟ်တုနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် ဆိုင်စပက်တစ်ကုမ္ပဏီ၏ ရေဒါဂြိုဟ်တုတစ်စင်းကို Rocket Lab ကုမ္ပဏီက စက်တင်ဘာ ၃ ရက်တွင် အောင်မြင်စွာလွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Strix အမည်ရှိ အဆိုပါရေဒါဂြိုဟ်တုကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှတစ်ဆင့် Rocket Lab ကုမ္ပဏီက လွှတ်တင်ပေးခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၅၆ မိနစ်ခန့်အကြာတွင် အီလက်ထရွန်ဒုံးပျံသည် Strix ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ၃၅၇ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် စက်တင်ဘာ ၃ ရက် မစ်ရှင်အပါအဝင် ဆိုင်စပက်တစ်ကုမ္ပဏီအတွက် Strix ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ပေးခဲ့ပြီးဖြစ်သည်။

ထို့ပြင် Rocket Lab ကုမ္ပဏီသည် Strix ဂြိုဟ်တု ၁၆ စင်းကို ဆက်လက်လွှတ်တင်ပေးရန် ဆိုင်စပက်တစ်ကုမ္ပဏီနှင့် သဘောတူညီမှုရယူထားပြီး ဆိုင်စပက်တစ်ကုမ္ပဏီသည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ဂြိုဟ်တုအစင်း ၃၀ ခန့်ပါဝင်မည့် ဂြိုဟ်တုကွန်ရက်ကို တည်ဆောက်ထားရှိရန် ရည်ရွယ်ထားကြောင်း၊ အဆိုပါ ဂြိုဟ်တုကွန်ရက်သည် ကမ္ဘာဂြိုဟ်ကို နေ့ညမရွေး၊ ရာသီဥတုမရွေး စောင့်ကြည့်ပေးနိုင်မည့် ဂြိုဟ်တုကွန်ရက်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# U.S. Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် စဝီယာတက်နှင့် ဘိုဇ်ကိုဗာတို့တွေ့ဆုံ

**ဝါရှင်တန် စက်တင်ဘာ ၄**

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် U.S. Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ပိုလန်တင်းနစ်မယ် စဝီယာတက်နှင့်ချက်တင်းနစ်မယ် ဘိုဇ်ကိုဗာ တို့တွေ့ဆုံနေကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

U.S. Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် စဝီယာတက်သည် တရုတ်တင်းနစ်မယ် ဝမ်ဇီယူကို နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကာ ဒုတိယအဆင့်တွင်လည်း အာဂျင်တီးနားတင်းနစ်မယ် ပေါ်ဒိုရိုစကာကို နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အလားတူ ချက်တင်းနစ်မယ် ဘိုဇ်ကိုဗာသည်လည်း ပထမအဆင့်တွင် ပြင်သစ်တင်းနစ်မယ် အယ်ဆာကို နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ပြီး ဒုတိယအဆင့်တွင်လည်း ဗြိတိန်တင်းနစ်မယ် ဟာရီရက်ကို နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

စဝီယာတက်နှင့် ဘိုဇ်ကိုဗာတို့ တတိယအဆင့်ပွဲစဉ်ကို စက်တင်ဘာ ၅ ရက်တွင်ကစားမည်ဖြစ်ကြောင်းသိရသည်။

Ref : AGTP Tennis

Trs : STA



# စပိန်လက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူကြောင်း လော်ရန်တီ ကြေညာ

**မက်ဒရစ် စက်တင်ဘာ ၄**

စပိန်အသင်းနှင့် အေတီကိုအသင်း ခံစစ်ကစားသမားလော်ရန်တီက စပိန်လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူကြောင်း ယနေ့တွင် ကြေညာခဲ့သည်ဟု Goal.com သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ လော်ရန်တီသည် စပိန်ယူ-၁၉ အသင်း၊ စပိန်ယူ-၂၁အသင်းတို့နှင့်အတူ လူငယ်အသင်းများတွင် ကစားခဲ့ပြီးနောက် ၂၀၂၀ပြည့်နှစ်က လက်ရွေးစင်အသင်းတွင် စတင်ပါဝင် ကစားခဲ့ကာ ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းနှင့်အတူ နောက်ဆုံး ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။

လော်ရန်တီက "ကျွန်တော် လက်ရွေးစင်အသင်းကနေ အနားယူဖို့ငယ်သေးတယ်ဆိုတာ သိပါတယ်။ ကျွန်တော် သေသေချာချာ စဉ်းစားပြီးမှ ဒီလိုဆုံးဖြတ်ချက်ကို ချခဲ့တာပါ။ ကျွန်တော့် နိုင်ငံကို ကိုယ်စားပြုပြီး ပွဲစဉ်တွေကစားရတာ ဂုဏ်ယူစရာကောင်းတဲ့ အခွင့်အရေး တစ်ရပ်ပါ။ ကျွန်တော့်ကို အားပေးခဲ့ကြတဲ့ ပရိသတ်တစ်ဦးချင်းစီကို ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်အတွက်လဲ ပရိသတ်တွေ နားလည်ပေးနိုင်မယ်လို့ ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

လော်ရန်တီသည် စပိန်အသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲစုံ ၂၇ ပွဲပါဝင်ကစားခဲ့ပြီး၊ ၂၀၂၃ ခုနှစ်တွင် ဥရောပနေးရှင်းလိဂ်ဖလား တစ်ကြိမ်နှင့် ၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့ဖလားတစ်ကြိမ် ဆွတ်ခူးခဲ့သည်။

လော်ရန်တီသည် စပိန်လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူကြောင်း အတည်ပြု ကြေညာခဲ့သော်လည်း ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူဦးမည်မဟုတ်ဘဲ အေတီကိုအသင်းနှင့် အတူ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ရန်ကုန်ယူနိုက်တက်အသင်းအနိုင်ရပြီး ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် စက်တင်ဘာ ၄**




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရပြီး ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်းသိရသည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ Sunset အားကစားကွင်းတွင် ချင်းလန်းအက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၉ မိနစ်နှင့် ၅၅ မိနစ် တို့တွင် သန်းပိုင်၊ ပွဲချိန် ၃၂မိနစ်တွင် Thaigo၊ ပွဲချိန် ၆၅ မိနစ်တွင် မောင်မောင်လွင်၊ ပွဲချိန် ၇၅ မိနစ်တွင် Albert တို့ကသွင်းယူခဲ့ပြီး ချင်းလန်းအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် Anane Philip က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒေသာအားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံ အက်ဖ်စီအသင်းတို့ ကစားခဲ့ရာ အပြန်အလှန်ဖိအားပေးမှုများရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် နှစ်သင်းစလုံးဂိုး သွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များအဖြစ် စက်တင်ဘာ ၅ ရက်တွင် မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်းသိရသည်။

STA

# Presidents Cup ပြိုင်ပွဲဝင်မည့် အမေရိကန်ဂေါက်သီးရိုက်အသင်းတွင် စကော့တီရှက်ဖလာအပါအဝင် ကစားသမား ၁၂ ဦးပါဝင်

**ဝါရှင်တန် စက်တင်ဘာ ၄**

Presidents Cup ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အမေရိကန်ဂေါက်သီးရိုက်အသင်းတွင် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမားစကော့တီရှက်ဖလာ အပါအဝင် ကစားသမား ၁၂ ဦးပါဝင်ခဲ့ကြောင်း PGA သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Presidents Cup ပြိုင်ပွဲသည် လက်ရှိ ဂေါက်သီးရိုက်ပြိုင်ပွဲလောကတွင် PGA Tour အဖွဲ့ချုပ်ပြိုင်ပွဲများမှ ထိပ်တန်းအဆင့်ရှိပြိုင်ပွဲတစ်ခုဖြစ်ပြီး စက်တင်ဘာ ၂၂ ရက်မှ ၂၇ ရက်ထိ အမေရိကန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။

အမေရိကန် ဂေါက်သီးရိုက်အသင်းတွင် ပါဝင်လာခဲ့သည့် ကစားသမားများတွင် စကော့တီရှက်ဖလာအပါအဝင် ကစားသမား ကိုးဦးသည် လူငယ်အဆင့်ပြိုင်ပွဲများတွင်လည်း ချန်ပီယံဆုဖလားများစွာ ဆွတ်ခူးခဲ့သူများဖြစ်သည်။

အမေရိကန် ဂေါက်သီးရိုက်အသင်းတွင် စကော့တီရှက်ဖလာနှင့်အတူ ကင်မရွန်းယန်း၊ ဝိုင်ဟမ်ကလက်ခ်၊ ဆမ်ဘန်း၊ ဟန်လီ၊ မိုရီကာဝါ၊ ဂေါ်တာရက်၊ ရှက်ဖီလီ၊ ဂျက်စတင်သောမက်စ်၊ ပက်ထရစ်ကန်တလေ၊ ဘရစ်မန်း၊ ဂျေဂျစပေါင်းတို့ ပါဝင်ခဲ့ကြသည်။

ထို့ပြင် အဆိုပါ ကစားသမားများသည် လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက်များ၌ စကော့တီရှက်ဖလာက ကမ္ဘာ့အဆင့်(၁)၊ ကင်မရွန်းယန်းက ကမ္ဘာ့အဆင့်(၃)၊ ဝိုင်ဟမ်ကလက်ခ်က ကမ္ဘာ့အဆင့်(၅)၊ ဟန်လီက ကမ္ဘာ့အဆင့်(၆)၊ ဂေါ်တာရက်က ကမ္ဘာ့အဆင့်(၇)၊ ဆမ်ဘန်းက ကမ္ဘာ့အဆင့်(၉)၊ ရှက်ဖီလီက ကမ္ဘာ့အဆင့်(၁၀) နေရာတို့တွင် ရပ်တည်နေသည့် ကမ္ဘာ့အဆင့် ကစားသမားများ ဖြစ်ကြကြောင်း သိရသည်။

Ref : PGA

Trs : STA

# UFC အဖွဲ့ချုပ်က လာမည့် UFC 334ပြိုင်ပွဲတွင် ပါရဲရားနှင့် ဂျို့စ်ဟိုးကစ်တို့ပွဲစဉ်ထည့်သွင်းရန် ဆွေးနွေးနေ

**ဝါရှင်တန် စက်တင်ဘာ ၄**




UFC အဖွဲ့ချုပ်က လာမည့် နိုဝင်ဘာလအတွင်း ကျင်းပမည့် UFC 334 ပြိုင်ပွဲတွင် ဘရာဇီးဖိုက်တာ ပါရဲရားနှင့် အမေရိကန်ဖိုက်တာ ဂျို့စ်ဟိုးကစ်တို့ ပွဲစဉ်ထည့်သွင်းရန် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Boxing News 24 သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၉ နှစ်ရှိ ပါရဲရားသည် ကစ်ဘောက်ဆင်ကမ္ဘာ့ချန်ပီယံဟောင်း တစ်ဦးဖြစ်ပြီး UFC ပြိုင်ပွဲ ၁၇ ပွဲတွင် ၁၃ ပွဲနိုင်၊ လေးပွဲ ရှုံးရလဒ်ပိုင်ဆိုင်ထားကာ နောက်ဆုံးပွဲစဉ်အဖြစ် ပြီးခဲ့သည့် ဇွန်လက UFC ဟဲဗီးဝိတ်တန်းကြားဖြတ် ချန်ပီယံခါးပတ်လုပွဲအဖြစ် ပြင်သစ်ဖိုက်တာ စီရယ်ဂိန်းနှင့်ထိုးသတ်ခဲ့ရာ ရှုံးနိမ့်ထားသူဖြစ်သည်။

အသက် ၂၈ နှစ်ရှိ အမေရိကန်ဖိုက်တာ ဂျို့စ်ဟိုးကစ်သည် UFC ပြိုင်ပွဲများတွင် ၁၀ ပွဲထိုးသတ်ခဲ့ရာတွင် ၁၀ ပွဲလုံးအနိုင်ရရှိထားပြီး နောက်ဆုံးပွဲစဉ်အဖြစ် ပြီးခဲ့သည့် ဇွန်လက တစ်နိုင်ငံတည်းသား ဒဲရစ်နှင့်ထိုးသတ်ခဲ့ရာ ဒုတိယအချီတွင် အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့သူဖြစ်သည်။

ပါရဲရားနှင့် ဂျို့စ်ဟိုးကစ်တို့ ပွဲစဉ်ကိုလာမည့် UFC 334 ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ထည့်သွင်းကျင်းပရန် ဆွေးနွေးနေခြင်းဖြစ်ပြီး ပွဲစဉ်ဖြစ်မြောက်ခဲ့ပါက အနိုင်ရမည့်သူသည် UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်စိန်ခေါ်ပွဲကို ဆက်လက်ထိုးသတ်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Boxing News 24

Trs : STA

# ရိုင်ယန်ဂစ်နှင့် ဘာဘာတော့ဗ်တို့အပါအဝင် မန်ယူအသင်းဂန္ထဝင်ကစားသမားလေးဦး မြန်မာနိုင်ငံသို့ လာရောက်မည်

**ရန်ကုန် စက်တင်ဘာ ၄**

မန်ယူအသင်း၏ ဂန္ထဝင်ကစားသမားများဖြစ်ကြသည့် ရိုင်ယန်ဂစ်၊ ဘာဘာတော့ဗ်၊ အီဗရာ၊ အန်ဒါဆန်တို့သည် မြန်မာနိုင်ငံသို့သုံးရက်ကြာခရီးစဉ် လာရောက်မည်ဟု အဆိုပါခရီးစဉ်ကိုစီစဉ်သည့် The Garden Agency က ယနေ့တွင် ထုတ်ပြန်ထားကြောင်းသိရသည်။




ရိုင်ယန်ဂစ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက မန်ယူအသင်း တစ်သင်းတည်းတွင်သာ ကစားခဲ့ပြီး အသင်းတွင် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်ထိ ပါဝင်ကစားခဲ့သူဖြစ်သည်။

အလားတူ ဘာဘာတော့ဗ်သည်လည်း ၂၀၀၈ ခုနှစ်က စပါးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းတွင် ၂၀၁၂ ခုနှစ်ထိ ပါဝင်ကစားခဲ့ကာ ပြိုင်ပွဲစုံ ၁၀၈ ပွဲတွင် သွင်းဂိုး ၄၈ ဂိုး သွင်းယူခဲ့သကဲ့သို့ အီဗရာသည်လည်း မန်ယူအသင်းတွင် ၂၀၀၆ ခုနှစ်မှစတင်ပြီး ၂၀၁၄ ခုနှစ်ထိပါဝင်ကစားခဲ့ကာ အသင်းဂန္ထဝင်ကစားသမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

အန်ဒါဆန်သည်လည်း မန်ယူအသင်းတွင် ၂၀၀၇ ခုနှစ်မှစတင်ပြီး ၂၀၁၅ခုနှစ်ထိ ကာလရှည်ပါဝင်ကစားခဲ့သူဖြစ်ကာ အသင်းနှင့်အတူ ဆုဖလားများစွာဆွတ်ခူးခဲ့သူဖြစ်သည်။

အဆိုပါ မန်ယူအသင်းဂန္ထဝင်ကစားသမား လေးဦးသည် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ရက်ထိ မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကာ ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗန်းရှင်းစင်တာ၌ နိုဝင်ဘာ ၁ ရက်တွင် Fan Meeting ပြုလုပ်မည်ဖြစ်ပြီး Fan Meeting တွင် မြန်မာနိုင်ငံမှ အနုပညာရှင်များ ဖြစ်သည့် ဘန်နီဖြိုး၊ လွှမ်းပိုင်၊ ထွန်းထွန်း၊ ရဲလေး၊ ချမ်းမြေ့မောင်ချို၊ ဝိုင်းစုခိုင်သိန်း အစရှိသည့် အနုပညာရှင်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

STA

# U.S. Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဇီရက်ဗ် တက်ရောက်

**ဝါရှင်တန် စက်တင်ဘာ ၄**

လက်ရှိ အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် U.S. Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်အဖြစ် ယနေ့တွင်ကမ္ဘာ့အဆင့်(၂) ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဗ်နှင့် ပြင်သစ်တင်းနစ် ကစားသမား ကွမ်တင်တို့ကစားခဲ့ရာ ဇီရက်ဗ်ကအနိုင်ရပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဇီရက်ဗ်သည် လက်ရှိ U.S. Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၁) အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာ ပါဝင်လာခြင်း မရှိသည့်အတွက် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသူဖြစ်သည်။

ဇီရက်ဗ်သည် U.S. Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် အီတလီတင်းနစ်ကစားသမား လော်ရန်ဇိုနှင့်ကစားခဲ့ရာ (၆-၄)၊ (၃-၆)၊ ၆-၇)၊ ၇-၅)၊(၆-၄) ရလဒ်ဖြင့် အနိုင်ရပြီး ယခုဒုတိယအဆင့်တွင်လည်း ကွမ်တင်ကို (၆-၄)၊ (၄-၆)၊ ၇-၆)၊ (၆-၇)၊ (၆-၃) ရလဒ်ဖြင့် အနိုင်ရပြီးနောက် တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဇီရက်ဗ်သည် U.S. Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၅ ရက်တွင် ချီလီတင်းနစ်ကစားသမား တာဘီလိုနှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်းသိရသည်။

Ref : AGTP Tennis
Trs : STA



# ရာဖေးနာဒယ်နောက်ပိုင်း ဂရန်းစလန်းအဆင့်တင်းနစ်ပြိုင်ပွဲတွင် ၁၆ ပွဲဆက်အနိုင်ရသည့် အသက်အငယ်ဆုံးကစားသမားအဖြစ် အယ်ကာရက်ဇ် ရပ်တည်

**မက်ဒရစ် စက်တင်ဘာ ၄**

ကမ္ဘာ့အဆင့်(၃) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် လက်ရှိအမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် ဂရန်းစလန်းအဆင့်ပြိုင်ပွဲတစ်ခုဖြစ်သည့် U.S. Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဒုတိယအဆင့်ပွဲစဉ်တွင် ပေါ်တူဂီတင်းနစ်ကစားသမား ဖာရီယာကို အနိုင်ရပြီးနောက် ဂလန်းစလန်းအဆင့်ပြိုင်ပွဲများတွင် စပိန်တင်းနစ် ကစားသမားဟောင်း ရာဖေးနာဒယ်နောက်ပိုင်း ၁၆ ပွဲဆက် အနိုင်ရသည့် အသက်အငယ်ဆုံးကစားသမား ဖြစ်လာခဲ့ကြောင်း TNT Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ဒဏ်ရာကြောင့်ကာလရှည်အနားယူခဲ့ရပြီးနောက်ပိုင်း ကမ္ဘာ့အဆင့်(၁)နေရာမှ ကျဆင်းခဲ့ပြီး ဒဏ်ရာမှ ပြန်လည်သက်သာခဲ့ပြီးနောက် U.S. Open တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် U.S. Open တင်းနစ်ပြိုင်ပွဲတွင် ပထမအဆင့်၌ ရုရှားတင်းနစ်ကစားသမား ဆာဖျူလင်နှင့် ကစားခဲ့ရာ (၆-၄)၊ (၆-၄)၊ (၆-၄) ရလဒ်ဖြင့်အနိုင်ရခဲ့သကဲ့သို့ ဒုတိယအဆင့်တွင်လည်း ဖာရီယာကို (၆-၄)၊ (၆-၀)၊ (၆-၃)၊ (၆-၂)အနိုင်ရခဲ့ခြင်းဖြစ်သည်။

လက်ရှိတင်းနစ်ပြိုင်ပွဲများတွင် ဂရန်းစလန်းအဆင့် ပြိုင်ပွဲများ၌ ၁၆ ပွဲဆက် အနိုင်ရသည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် ရာဖေးနာဒယ်က ၂၀၀၈ ခုနှစ်က အသက် ၂၂ နှစ် ၈၃ ရက်ဖြင့် ရပ်တည် ခဲ့ပြီးယခုအခါ အယ်ကာရက်ဇ်သည် အသက် ၂၃ နှစ် ၁၁၇ ရက်ဖြင့် ရာဖေးနာဒယ်နောက်ပိုင်း အသက် အငယ်ဆုံးဖြင့် ဂရန်းစလန်းအဆင့် ပြိုင်ပွဲများတွင် ၁၆ ပွဲဆက် အနိုင်ရသည့် ကစားသမား ဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : TNT Sports
Trs : STA

# 2026 China Master ကြက်တောင်ရိုက်ပြိုင်ပွဲဆီမီးဖိုင်နယ်ကို ဝမ်ဇီယီ တက်ရောက်

**ပေကျင်း စက်တင်ဘာ ၄**

တရုတ်နိုင်ငံ ရှန်ကျန်းမြို့တွင် ကျင်းပနေသည့် 2026 China Master အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အိမ်ရှင်တရုတ်ကြက်တောင်ရိုက်မယ် ဝမ်ဇီယီနှင့် ဂျပန်ကြက်တောင်ရိုက်မယ် အိုကူဟာရာတို့ကစားခဲ့ရာ ဝမ်ဇီယီက နှစ်ပွဲပြတ်ဖြင့်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Sports China သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဝမ်ဇီယီသည် လက်ရှိကျင်းပနေသည့် 2026 China Master အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ရိုက် ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့်(၂) ကစားသမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ပြိုင်ပွဲတွင်ရလဒ်ကောင်းများရယူခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဝမ်ဇီယီက လက်ရည်အသာဖြင့် ဖိအားပေးကစားခဲ့ကာ ပထမပွဲငယ်တွင် (၂၁-၆) မှတ်ဖြင့်အနိုင်ရခဲ့သကဲ့သို့ ဒုတိယပွဲငယ်တွင်လည်း (၂၁-၁၀) မှတ်ဖြင့် ထပ်မံအနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဝမ်ဇီယီသည် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ဂျပန်ကြက်တောင်ရိုက်မယ် တစ်ဦးဖြစ်သည့် တိုမိုကာမီယာဇာကီနှင့် ဆက်လက်ကစားရမည် ဖြစ်ကြောင်းသိရသည်။

Ref : Sports China
Trs : STA

# ယခုရက်သတ္တပတ်အတွင်းကျင်းပမည့် အာဂျင်တီးနားလိဂ်ပွဲစဉ်အားလုံး ပွဲချိန် ၁၀ မိနစ်တွင် ခေတ္တရပ်နားပြီး တစ်မိနစ်ကြာ မက်ဆီအတွက် ဂုဏ်ပြုမှုလုပ်ဆောင်မည်



**ဗျူနိုစ်အေရိစ် စက်တင်ဘာ ၄**

အာဂျင်တီးနားနိုင်ငံဘောလုံးအဖွဲ့ချုပ်က အာဂျင်တီးနားလက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူခဲ့သည့် မက်ဆီကို ဂုဏ်ပြုသည့်အနေဖြင့် ယခုရက်သတ္တပတ်အတွင်းကျင်းပမည့် အာဂျင်တီးနားနိုင်ငံအတွင်းရှိ လိဂ်ပြိုင်ပွဲ ပွဲစဉ်အားလုံး၌ ပွဲချိန် ၁၀ မိနစ်တွင် ပွဲစဉ်ကို တစ်မိနစ်ကြာခေတ္တရပ်နားပြီး ဂုဏ်ပြုမှုလုပ်ဆောင်မည်ဖြစ်ကြောင်း 365Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် ၂၀၁၄ ခုနှစ်က ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ်ကစားခဲ့သည့် အာဂျင်တီးနားအသင်းနှင့် ဂျာမနီအသင်းတို့ပွဲစဉ်အပြီးတွင် အာဂျင်တီးနားလက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူကြောင်းပထမအကြိမ် ကြေညာခဲ့သည်။

သို့သော် မက်ဆီအနေဖြင့် ဆုံးဖြတ်ချက်ပြန်လည်ပြင်ဆင်ခဲ့ကာ အာဂျင်တီးနားအသင်းအတွက် ပြန်လည်ကစားခဲ့ပြီးနောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းနှင့်အတူ ကမ္ဘာ့ဖလားချန်ပီယံဆုဆွတ်ခူးခဲ့သကဲ့သို့ ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း ဒုတိယဆုဆွတ်ခူးခဲ့သူဖြစ်သည်။

သို့သော် မက်ဆီသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အပြီးတိုင်အနားယူခဲ့ကြောင်း ဒုတိယအကြိမ်ကြေညာခဲ့ပြီးနောက် အာဂျင်တီးနားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကလည်း ဂုဏ်ပြုမှုလုပ်ဆောင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းတွင် ကျောနံပါတ်(၁၀)ကို ကာလရှည်ဝတ်ဆင်ကစားခဲ့သူဖြစ်သည့်အတွက် မက်ဆီဝတ်ဆင်ခဲ့သည့် ကျောနံပါတ် (၁၀)ကို အစွဲပြုပြီး အာဂျင်တီးနားလိဂ်ပွဲစဉ်အားလုံး ပွဲချိန် ၁၀မိနစ်တွင် ဂုဏ်ပြုရန်စီစဉ်ထားကြောင်း သိရသည်။

Ref : 365Scores
Trs : STA

# တောင်သူ့ရင်ထဲက သဘာဝရွှေဖြူရော်ဘာ

စိုးမိုးဝင်း(စိုက်ပျိုးရေး)

မျက်မှောက်ခေတ်ကမ္ဘာ့စီးပွားရေးတွင် သဘာဝရော်ဘာသည် စက်မှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော အဓိကမဟာဗျူဟာမြောက် စက်မှုကုန်ကြမ်းသီးနှံ တစ်မျိုးဖြစ်သည်။ ကမ္ဘာ့သဘာဝရော်ဘာထုတ်လုပ်မှုအသင်း၏ ခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့သဘာဝရော်ဘာထုတ်လုပ်မှုသည် တန်ချိန် ၁၅ သန်းကျော်ထိ မြင့်တက်လာမည်ဖြစ်ပြီး မော်တော်ယာဉ်တာယာနှင့် စက်မှုပစ္စည်းထုတ်လုပ်မှုကဏ္ဍများမှ ဝယ်ယူမှုမှာလည်း နှစ်စဉ်ဆက်တိုက်တိုးပွားလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရော်ဘာကို ရေမြေရာသီဥတုကိုက်ညီမှုရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး "မြန်မာ့ရွှေပင်" ဟု တင်စားခေါ်ဝေါ်ကြသည်။ မွန်ပြည်နယ်၊တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုး၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ထိ တစ်နိုင်ငံလုံးတွင် ရော်ဘာဧက ၁ ဒသမ ၆၄ သန်းကျော် စိုက်ပျိုးခဲ့ပြီး ရော်ဘာ ၃၅၂၈၈၈ တန် ထုတ်လုပ်နိုင်ခဲ့ကာ ပြည်ပသို့ ၃၃၃၃၆၈ တန် တင်ပို့ရောင်းချခဲ့ရာမှ အမေရိကန်ဒေါ်လာ ၅၁၉ ဒသမ ၈၃၉ သန်းကျော် ဝင်ငွေရရှိခဲ့သည့်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသည့် အဓိကတွန်းအားစုကဏ္ဍတစ်ခု ဖြစ်လာနေသည်။

### မြန်မာ့ရော်ဘာပို့ကုန်

မြန်မာ့ရော်ဘာများကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရာတွင် အရည်အသွေးအဆင့်အတန်းအလိုက် ခွဲခြားထားသော မိုင်းခံရော်ဘာပြားအမျိုးအစားများနှင့် စက်ရုံများတွင် ဓာတ်ခွဲခန်းစံချိန်စံညွှန်းများဖြင့် စနစ်တကျ သန့်စင်ထုတ်လုပ်ထားသည့် မြန်မာ့စံချိန်စံညွှန်းမီ တုံးခဲရော်ဘာအမျိုးအစားများမှာ အဓိကပို့ကုန်များဖြစ်သည်။ စုစုပေါင်းပို့ကုန်ပမာဏ၏ ၇၅ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေပြီး မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သို့လည်း တင်ပို့လျက်ရှိသည်။

မြန်မာ့ရော်ဘာလုပ်ငန်းကဏ္ဍသည် ပြည်ပပို့ကုန်မှရရှိနေသည့်ဝင်ငွေထက် ပိုမိုများပြားသော တန်ဖိုးကို ဖန်တီးနိုင်မည့် အလားအလာကောင်းများစွာလည်းရှိနေသည်။ ရော်ဘာကို ကုန်ကြမ်းအတိုင်းသာ တင်ပို့နေမည့်အစား နိုင်ငံတွင်း၌ပင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပြီး မော်တော်ယာဉ်တာယာ၊ ဆေးဘက်ဆိုင်ရာ လက်အိတ်၊ ဖိနပ်နှင့် အိမ်သုံးသားရေကွင်း စသည့်လူသုံးကုန်ပစ္စည်းများအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နိုင်လျှင် သွင်းကုန်များကို အစားထိုးနိုင်မည့်အပြင် စီးပွားရေးအရ ပိုမိုမြင့်မားသော တန်ဖိုးမြှင့်ကွင်းဆက်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

### ရော်ဘာအခြေခံစက်မှုလုပ်ငန်း

မြန်မာ့ရော်ဘာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဧကချင်းစီ၏ အထွက်နှုန်းမြင့်မားလာစေရန် ကြိုးပမ်းခြင်းနှင့် သက်တမ်းရင့်ပင်အိုစိုက်ခင်းများနေရာတွင် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များဖြင့် အစားထိုးလဲလှယ် စိုက်ပျိုးခြင်းတို့မှာ မဖြစ်မနေဆောင်ရွက်ရမည့် အဓိကလုပ်ငန်းများဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရော်ဘာကို ကုန်ကြမ်းအဆင့်၌တင် မရပ်တန့်ဘဲ အရည်အသွေးမြင့်ကုန်ချောများအဖြစ် အသွင်ပြောင်းလဲပေးနိုင်မည့် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ထွန်းကားလာရေးသည်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင် ရှိနေသည်။

ရော်ဘာအခြေခံ စက်မှုလုပ်ငန်းဆိုသည်မှာ သဘာဝရော်ဘာ သို့မဟုတ် ရော်ဘာတုကဲ့သို့သော



အဆင့်မြင့်ရော်ဘာကို တွေ့ရစဉ်။

အခြေခံကုန်ကြမ်းများကို သင့်လျော်သည့် ဓာတုပစ္စည်းများ၊ ဖြည့်စွက်စာများနှင့် စနစ်တကျပေါင်းစပ်ကာ လူသုံးကုန်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံး ရော်ဘာအပိုပစ္စည်းအမျိုးမျိုးအဖြစ် သန့်စင်ထုတ်လုပ်ခြင်းကိုဆိုလိုသည်။ နေ့စဉ် လူနေမှုဘဝတွင် အဝတ်အစား၊ အသုံးအဆောင်မှသည် သယ်ယူပို့ဆောင်ရေးထိ ခေါင်းအစခြေအဆုံး ရော်ဘာနှင့် ကင်းကွာ၍ မရနိုင်လောက်အောင် အရေးပါနေသဖြင့် တန်ဖိုးမြှင့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းသည် မြန်မာ့ရော်ဘာလုပ်ငန်း ကွင်းဆက်တစ်ခုလုံးကို ခိုင်မာတောင့်တင်းစေမည့် မောင်းနှင်အား တစ်ရပ်ဖြစ်သည်။

### သဘာဝရော်ဘာကို အဆင့်မြှင့်တင်ခြင်း

သဘာဝရော်ဘာကို စက်မှုကုန်ကြမ်းအဖြစ် အဆင့်မြှင့်တင်ရာတွင် အခြေခံထုတ်လုပ်မှုလုပ်ငန်းစဉ်များဖြစ်သည့် ရော်ဘာအစေးရည်ကို အနည်နှင့် အမှိုက်သရိုက်များစင်ကြယ်အောင် သန့်စင်ခြင်း၊ ဈေးကွက်ဝင် ရော်ဘာအစေးရည်အပျစ်အဖြစ် ပြောင်းလဲခြင်းတို့မှာ ပထမဆုံးသော အရေးကြီးသည့် ခြေလှမ်းများ ဖြစ်သည်။

သန့်စင်ပြီးသော အစေးရည်များမှတစ်ဆင့် ပြည်တွင်း၊ ပြည်ပစက်ရုံများအတွက် အဓိက အသုံးပြုကြသည့် မိုင်းခံရော်ဘာပြားများအဖြစ် အဆင့်ဆင့် မိုင်းတိုက်အခြောက်ခံခြင်းနှင့် နည်းပညာစံချိန်စံညွှန်းများဖြင့် စနစ်တကျထိန်းချုပ်ထုတ်လုပ်ထားသည့် အဆင့်မြင့်တုံးခဲရော်ဘာများအဖြစ် ပုံသွင်းထုတ်လုပ်ခြင်းတို့မှာ သဘာဝရော်ဘာ၏တန်ဖိုးနှင့် အရည်အသွေးကို မြှင့်တင်ပေးသည့်အဓိကအခြေခံ ထုတ်လုပ်မှုအဆင့်ဆင့်ပင်ဖြစ်သည်။

### တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများထုတ်လုပ်ခြင်း

ရော်ဘာကိုအခြေခံ၍ စက်မှုသုံးနှင့် လူသုံးကုန်တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်ရာတွင် ကုန်ကြမ်းအမျိုးအစားပေါ်မူတည်၍ ထုတ်လုပ်မှုနည်းလမ်းနှစ်မျိုး ခွဲခြားထားသည်။

**၁။ ရော်ဘာအစေးရည်ကိုအခြေခံ၍ ထုတ်လုပ်ခြင်းနည်းလမ်း**

ဤနည်းလမ်းတွင် ပထမဦးစွာ ဓာတုဆေးဝါးများကို ကြိတ်ခွဲခြင်း၊ ထို့နောက် ပုံစံခွက်များဖြင့် နှစ်၍ ပုံဖော်ခြင်းနှင့် အပူပေးပေါင်းတင်ခြင်းစသည့် လုပ်ငန်းစဉ်များကို အဆင့်ဆင့် ဆောင်ရွက်ကြသည်။ ထိုမှတစ်ဆင့် နေ့စဉ်သုံးအိမ်သုံးလက်အိတ်၊ ဆေးရုံသုံးလက်အိတ်၊ ပူဖောင်း၊ သားရေကွင်း၊ ချိုလိမ်၊ ကွန်ဒုံးနှင့် ကလေးကစားစရာ အရုပ်များကိုထုတ်လုပ်သည်။ ထို့ပြင် ရော်ဘာအစေးရည်ကို အမြှုပ်ထွက်စေပြီး ပုံသွင်းခြင်းနှင့် ပေါင်းတင်ခြင်းလုပ်ငန်းများဖြင့် လူကြိုက်များသော ရော်ဘာခေါင်းအုံး၊ ကူရှင်နှင့် မွေ့ရာများကိုလည်း ထုတ်လုပ်နိုင်သည်။

**၂။ ရော်ဘာအစေးခြောက်ကိုအခြေခံ၍ ထုတ်လုပ်ခြင်းနည်းလမ်း**

အပူဒဏ်နှင့်ဆီစိမ်ဒဏ်ခံနိုင်ရည်ရှိသော အဆင့်မြင့် စက်မှုကုန်ချောများထုတ်လုပ်ရန် သဘာဝရော်ဘာအစေးခြောက်ကို ရော်ဘာတု၊ ဓာတုဆေးဝါးများနှင့် ဖြည့်စွက်စာများကို သတ်မှတ်အချိုးအစားအတိုင်း ရောစပ်ကြိတ်ခွဲကာ ရော်ဘာကွန်ပေါင်းကို ဦးစွာပြုလုပ်ရသည်။ ထိုကွန်ပေါင်းကို ပုံစံခွက်ထဲထည့်သွင်း၍ ပေါင်းတင်ကျက်စေခြင်း သို့မဟုတ် ဖိအားသုံးပုံစံခွက်ထဲတွင် ဖြတ်သန်းဖိထုတ်၍အဆက်မပြတ် ပုံဖော်ခြင်းစသည့်နည်းပညာများကို အသုံးပြုကြသည်။ ဤနည်းလမ်းဖြင့် မော်တော်ယာဉ်တာယာအမျိုးမျိုး၊ ရေပိုက်များ၊ ဖိနပ်အောက်ခံဆိုးလ်များ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ စက်မှုသုံးပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများကဲ့သို့သော စီးပွားရေးအရအလွန်တန်ဖိုး ရှိသည့်ကုန်ချောပစ္စည်းများကို ထုတ်လုပ်နိုင်သည်။

### ရော်ဘာပင်အို အကျိုးအမြတ်ပို

ရော်ဘာပင်များ၏ အစေးထုတ်ယူနိုင်သည့် သက်တမ်းကုန်ဆုံးချိန်တွင် စနစ်တကျ အစေးခြစ်ခဲ့သော ပင်အိုများမှ အရည်အသွေးရှိ ရော်ဘာသစ်များကို ရရှိနိုင်ပြီး ၎င်းသစ်သားများမှတစ်ဆင့် သစ်ခွဲသား၊ သစ်ပါးလွှာနှင့် ခေတ်မီပရိဘောဂ အမျိုးမျိုးကိုတန်ဖိုးမြှင့် ထုတ်လုပ်နိုင်သည်။

ရော်ဘာခြံရှင်များအနေဖြင့် သက်တမ်းလွန်ရော်ဘာပင်အိုများကို ခုတ်လှဲရာတွင် သတ်မှတ်ထားသော စံပြုလုပ်ငန်းစဉ်(SOP)နှင့်အညီ စနစ်တကျလုပ်ဆောင်ခြင်းဖြင့် ဘေးထွက်ပစ္စည်းမှ စီးပွားရေးအကျိုးအမြတ်များကို ရရှိနိုင်သည်။ ဥပမာအားဖြင့် ခုတ်လှဲပြီးရော်ဘာပင်အို တစ်ပင်လျှင် ပျမ်းမျှငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ရောင်းချနိုင်ပါက တစ်ဧကလျှင် ငွေကျပ် ၇၅ သိန်းခန့်ထိ ဝင်ငွေရလာနိုင်ပြီး ထိုငွေကြေးသည် ခြံရှင်များအတွက် နောက်ထပ်ရော်ဘာပင်သစ်များ ပြန်လည်စိုက်ပျိုးရန် လိုအပ်သောအရင်းအနှီးကို ကောင်းစွာအထောက်အကူပြုပေးနိုင်သည်။ ပင်အိုများမှ ဝင်ငွေရှာဖွေနိုင်ခြင်းသည် တောင်သူများအတွက် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကွင်းဆက် မပြတ်တောက်စေရန် အာမခံချက်ပေးနိုင်သော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

### ရော်ဘာအမြစ် အကျိုးဖြစ်

ရော်ဘာပင်၏ မြေပေါ်ရှိ အစိတ်အပိုင်းများက စီးပွားရေးအရ အကျိုးပြုသကဲ့သို့ မြေအောက်ရှိ ရော်ဘာမြစ်များသည်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွမ်းအင်ကဏ္ဍတို့အတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ရော်ဘာပင်၏အမြစ်သည် မြေကြီးထဲသို့ နက်ရှိုင်းစွာကုပ်တွယ်ဘေးဖြာ စီးဆင်းသွားသောကြောင့် စိုက်ခင်းများအတွင်း မြေပြိုခြင်းနှင့် မြေဆီလွှာတိုက်စားခြင်းဘေးအန္တရာယ်ကို သဘာဝအတိုင်း ထိရောက်စွာ ကာကွယ်ပေးသည်။ ရော်ဘာပင်အိုများကို တူးဖော်ခုတ်လှဲချိန်တွင် ရရှိလာသောရော်ဘာအမြစ်ကြီးများသည် သိပ်သည်းဆကောင်းပြီး အပူပေးစွမ်းအင်မြင့်မားသောကြောင့် အရည်အသွေးမြင့် မီးသွေး၊ ထင်း သို့မဟုတ် စက်ရုံသုံးဇီဝလောင်စာခဲများအဖြစ် ပြောင်းလဲကာ စွမ်းအင်ကဏ္ဍတွင် အဖိုးတန်စွာအသုံးချနိုင်သည်။ ရော်ဘာပင်၏ အစေးနှင့် သစ်သားသည် စက်မှုလုပ်ငန်းကြီးများအတွက် အရေးပါသကဲ့သို့ အပင်မှကြွေကျပျက်စီးသွားမည့် ရော်ဘာအရွက်များသည်လည်း ပန်းပွင့်၊ ပန်းစည်း၊ နံရံကပ် အလှဆင်ပစ္စည်းများပြုလုပ်ရန် အသုံးဝင်လှသည်။

### ဝိုင်းဝန်းပံ့ပိုးကြရမည့် ရော်ဘာကဏ္ဍမြှင့်တင်ရေး

ရော်ဘာပင်သည် အစေး၊ သစ်သား၊ အရွက်မှအစ အမြစ်အထိ တစ်ပင်လုံးနီးပါး ဘက်စုံအသုံးချနိုင်သည့် စီးပွားရေးအရ အလွန်အဖိုးတန်သော ကမ္ဘာ့မဟာဗျူဟာမြောက် သီးနှံတစ်မျိုးဖြစ်သည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ဖြစ်ထွန်းခြင်းသည် တောင်သူများအတွက် ခိုင်မာသော မိသားစုစီးပွားရေးအခြေခံကောင်းများကို ပေးစွမ်းနိုင်သည့်အပြင် ခြံလုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက်ပါ အရွက်အလှဆင်ပန်းကဲ့သို့သော တစ်နိုင်တစ်ပိုင် အိမ်တွင်းလက်မှုလုပ်ငန်းများမှတစ်ဆင့် အပိုဝင်ငွေများတိုးပွားရရှိစေကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုနေသည်။

သို့ဖြစ်ပါ၍ နောင်အနာဂတ်တွင် မြန်မာ့ရော်ဘာကဏ္ဍ ပိုမိုခိုင်မာတောင့်တင်းလာစေရန် သက်တမ်းရင့် ပင်အိုများနေရာတွင် မျိုးကောင်းမျိုးသန့်များဖြင့် စနစ်တကျ ပြန်လည်အစားထိုး၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့မြှင့်တင်သွားရမည်ဖြစ်သည်။ ထို့အတူ ကုန်ကြမ်းတင်ပို့မှု သက်သက်မှသည် ပြည်တွင်း၌ပင် အဆင့်မြင့်တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်နိုင်မည့် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အဆင့်မြှင့်တင်ပျိုးထောင်ပေးခြင်းအားဖြင့် "တောင်သူ့ရင်ထဲက သဘာဝရွှေဖြူရော်ဘာ"ကို ပိုမိုတောက်ပအောင် ဝိုင်းဝန်းပံ့ပိုးကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- **ANRPC (June, 2026), Monthly NR Statistical Report, The Association of Natural Rubber Producing Countries (ANRPC).**
- **ကိုခ (ပညာရေး) ၁၁-၇-၂၀၂၆ ထုတ် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဆောင်းပါး၊ မြဝတီသတင်းစာ။**
- **မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ အင်တာနက် ဆောင်းပါးများ၊ https://www.mrppa-myanmar.com.mm/blogs/**
- **မြဝတီသတင်းစာ ၇-၄-၂၀၂၅ ထုတ် ရော်ဘာအခြေခံ MSME ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်းပါး။**

# ရုရှားနိုင်ငံက Bizon(TKB-1167) စနစ်ကို အီဂျစ်နိုင်ငံသို့ တင်ပို့ရောင်းချရန်စီစဉ်ထား



ရုရှားနိုင်ငံပိုင် ကာကွယ်ရေးလုပ်ငန်းစု Rostec သည် Zubr တာတိုပစ် မောင်းသူမဲ့ လေကြောင်းရန် တန်ပြန်ကာကွယ်ရေး စနစ်၏ ပြည်ပတင်ပို့ရန်မူကွဲဖြစ်သော Bizon (TKB–1167)စနစ်ကို အီဂျစ်နိုင်ငံသို့ တင်ပို့ရောင်းချရန် စီစဉ်ထားကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

TKB–1167 ဟု သတ်မှတ်ထားသည့် အဆိုပါစနစ်ကို Rostec ကုမ္ပဏီ လက်အောက်ခံ High Precision Systems က တီထွင်ထုတ်လုပ်ထားပြီး ၇ ဒသမ ၆၂ မီလီမီတာ PKT စက်သေနတ်များ တပ်ဆင်ထားသည်။ ထိုစနစ်သည် သမားရိုးကျ လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့်မတူဘဲ ကြားဖြတ်ဖျက်ဆီးရန် ခက်ခဲသည့် အရွယ်အစားသေးငယ်ပြီး အနိမ့်ပျံသန်းသော ဝေဟင်ပစ်မှတ်များကို တိုက်ခိုက်နိုင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။ TKB–1167 စနစ်သည် ကိုယ်ပိုင်ရေဒါကိုအသုံးပြု၍ ဒရုန်းများကို သီးခြားရှာဖွေတွေ့ရှိကာ ခြေရာခံနိုင်ပြီး ရရှိလာသည့်ပစ်မှတ် သတင်းအချက်အလက်များကို စက်သေနတ် တပ်ဆင်ထားသည့် ပစ်ခတ်ရေးစနစ်များ ထံသို့ ပေးပို့ပေးသည်။ သို့သော် အမှန်တကယ် ပစ်ခတ်ရန် နောက်ဆုံး ဆုံးဖြတ်ချက်ကို လူသားအော်ပရေတာကသာ ချမှတ်ရမည်ဖြစ်သည်။

TKB–1167 စနစ်သည် နောက်ဆုံးကာကွယ်ရေးအလွှာဖြစ်ပြီး ဆုံးဖြတ်ချက်ချရန်အချိန်ကို စက္ကန့်ပိုင်းအတွင်း တွက်ချက်ရသည့် အခြေအနေမျိုးတွင် ဝင်ရောက် တာဝန်ယူပေးသည်။ ထိုစနစ်ကို သီးခြားစနစ်တစ်ရပ်အဖြစ် အသုံးပြုနိုင်သကဲ့သို့ ပေါင်းစပ်တန်ပြန်ဒရုန်း ကာကွယ်ရေးဖွဲ့စည်းပုံ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း အသုံးပြုနိုင်ပြီး အရေးကြီးသည့် အဆောက်အအုံနှင့် အဆောက်အအုံဆိုင်ရာ ပစ်မှတ်များအတွက် အလွှာလိုက်လေကြောင်းရန် ကာကွယ်ရေးကို တည်ဆောက်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါစနစ်သည် အခြားအာရုံခံစနစ်များထံမှရရှိသည့် သတင်းအချက်အလက်များကို လက်ခံရယူနိုင်သကဲ့သို့ ထိုအချက်အလက်များအပေါ် မိမိ၏ ကိုယ်ပိုင်ဝေဟင်အခြေအနေပုံရိပ်ကို ထပ်မံဖြည့်စွက်ပေးနိုင်သည်။ အခြေခံ အဆောက်အအုံများနှင့် အရေးကြီးသည့် အဆောက်အအုံများ အပေါ် ဒရုန်းခြိမ်းခြောက်မှုများ ပိုမိုများပြားလာသည့် အခြေအနေတွင် ထိုသို့သော ပေါင်းစပ်ကာကွယ်ရေးပုံစံကို Rostec ကုမ္ပဏီဘက်က ပိုမိုအလေးပေးဖော်ပြလျက်ရှိသည်။

High Precision Systems ကုမ္ပဏီကို Rostec ကုမ္ပဏီ၏ လက်အောက်ခံအဖွဲ့အစည်းတစ်ရပ်အဖြစ် ၂၀၀၉ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ရုရှား၏ ရှေ့တန်းစစ်ရေးအသုံးပြု လက်နက်စနစ်များဖြစ်သည့် Iskander–M ပဲ့ထိန်းဒုံးကျည်စနစ်၊ Pantsir–S လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်၊ Kornet တင့်ဖျက်ဒုံးကျည်စနစ်နှင့် BMP–3 ခြေလျင်တိုက်ခိုက်ရေးယာဉ်တို့အပါအဝင် လက်နက်စနစ်အမျိုးမျိုးကို ထုတ်လုပ်လျက်ရှိသည်။

အီဂျစ်နိုင်ငံသည် ရုရှား၏ လက်နက်ရောင်းချရေးနှင့် ကာကွယ်ရေးပစ္စည်းဈေးကွက်တိုးချဲ့ရေး ကြိုးပမ်းမှုများတွင် အစဉ်တစိုက် အာရုံစိုက်ခံနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ရုရှား၏ Bizon (TKB–1167) စနစ်ကို အီဂျစ်နိုင်ငံသို့ရောင်းချရန် စီစဉ်ထားခြင်းသည် ယနေ့ခေတ် စစ်မြေပြင်တွင် အရွယ်အစားသေးငယ်ပြီး အနိမ့်ပျံသန်းသည့် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများ၏ ထိန်းချုပ်မှုကိုတုံ့ပြန်ရန်အတွက် တာတိုအကွာအဝေး Point – Defense စနစ်များ၏ အရေးပါမှု မြင့်တက်လာနေခြင်းကို ဖော်ပြနေကြောင်း သိရသည်။

**Russia offers Bizon counter–drone system to Egypt** ကို ဘာသာပြန်ဆိုထားပါသည်။

# အိန္ဒိယက အမေရိကန်ထံမှ Javelin တင့်ဖျက်ပဲ့ထိန်းဒုံးကျည်များဝယ်ယူရန် သဘောတူစာချုပ် လက်မှတ်ရေးထိုး

အိန္ဒိယကြည်းတပ်သည် အမေရိကန်နိုင်ငံ၏ Foreign Military Sales (FMS) လုပ်ငန်းစဉ်မှတစ်ဆင့် Javelin တင့်ဖျက်ပဲ့ထိန်းဒုံးကျည်များ ဝယ်ယူရန်အတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် အိန္ဒိယနိုင်ငံအနေဖြင့် ကမ္ဘာကျော် ပခုံးထမ်းပစ် Javelin တင့်ဖျက်ပဲ့ထိန်းဒုံးကျည်များ တရားဝင်ဝယ်ယူအသုံးပြုမည့် နိုင်ငံတစ်နိုင်ငံအဖြစ် စတင်ဝင်ရောက်လာခြင်းဖြစ်ပြီး နှစ်နိုင်ငံအနေဖြင့် အဆိုပါပဲ့ထိန်းဒုံးကျည်များကို အိန္ဒိယနိုင်ငံအတွင်း ပူးတွဲ ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆက်လက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် အိန္ဒိယအစိုးရ၏ Javelin တင့်ဖျက်ပဲ့ထိန်းဒုံးကျည်များ ဝယ်ယူရန် တောင်းဆိုချက်ကို အတည်ပြုပေးခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အတည်ပြုထားသည့် အဆိုပါ ဝယ်ယူရေးအစီအစဉ်တွင် Javelin ဒုံးကျည်စင်းရေ ၁၀၀ နှင့် Lightweight Command Launch Unit (LCLU) ၂၅ ခု ပါဝင်ပြီး စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၇ သန်း ဖြစ်သည်။ ထို့ပြင် FGM–148 Javelin ဒုံးကျည်တစ်စင်းကို စမ်းသပ်အသုံးပြုရန်အတွက်လည်း ထည့်သွင်းထားကြောင်း သိရသည်။

အဆိုပါ ဝယ်ယူရေးအစီအစဉ်တွင် လေ့ကျင့်ရေးသုံးပစ္စည်းများ၊ ဒုံးကျည်လေ့ကျင့်ရေးပုံစံများ၊ ဘက်ထရီအအေးပေးစနစ်၊ နည်းပညာဆိုင်ရာလက်စွဲစာအုပ်များ၊ သက်တမ်းတစ်လျှောက် ထောက်ပံ့ပြုပြင်ရေးဝန်ဆောင်မှုများ၊ အပိုပစ္စည်းများအပြင် စနစ်ပေါင်းစည်းခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်းများလည်း ပါဝင်ကြောင်း သိရသည်။

အိန္ဒိယကြည်းတပ်၏ လက်တွေ့ဝယ်ယူရေးအစီအစဉ်သည် အိန္ဒိယရူပီး ၂ ဒသမ ၈၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅ သန်းခန့်)တန်ဖိုးရှိပြီး Javelin ဒုံးကျည်အစင်း ၆၀ ပါဝင်မည်ဖြစ်ကာ ဒုံးကျည်များကို ၂၀၂၆ ခုနှစ်ကုန်ပိုင်းသို့မဟုတ် ၂၀၂၇ ခုနှစ်အတွင်း စတင်ပေးပို့နိုင်ရန် မျှော်မှန်းထားသည်။

လူတစ်ဦးတည်းသယ်ဆောင်အသုံးပြုနိုင်သည့် Javelin သည် ပခုံးထမ်းပစ်တင့်ဖျက် ပဲ့ထိန်းဒုံးကျည်စနစ်ဖြစ်ပြီး ခြေလျင်တပ်ဖွဲ့ဝင်များအနေဖြင့် သံချပ်ကာ ယာဉ်များကို တိုက်ခိုက်ရာတွင် Fire–and–Forget စွမ်းရည်ကို အသုံးပြုနိုင်သည်။ Javelin တင့်ဖျက်ပဲ့ထိန်းဒုံးကျည်သည် မီတာ ၆၅ မှ လေး ကီလိုမီတာအကွာအဝေးရှိပစ်မှတ်များကို တိုက်ခိုက်နိုင်ကြောင်း သိရသည်။



Javelin တင့်ဖျက်ပဲ့ထိန်းဒုံးကျည်သည် Top–Attack တိုက်ခိုက်ရေးလမ်းကြောင်းကို အသုံးပြုထားပြီး ဒုံးကျည်သည် ပစ်မှတ်အထက်သို့ မြင့်တက်သွားပြီးနောက် ပစ်မှတ်၏အကာအကွယ်အားနည်းသည့် အပေါ်ပိုင်းသံချပ်ကာကို ထိုးဖောက်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ထို့ပြင် ၎င်း၏ Soft–Launch ဒီဇိုင်းကြောင့် အဆောက်အအုံများသို့မဟုတ် ကတုတ်ကျင်းများကဲ့သို့ ပိတ်လှောင်ထားသည့်နေရာများမှလည်း လုံခြုံစွာ ပစ်ခတ်နိုင်သည်။

Javelin ဒုံးကျည်ကို RTX Corporation နှင့် Lockheed Martin တို့၏ Javelin Joint Venture က ဖွံ့ဖြိုးတည်ဆောက်ထားခြင်းဖြစ်ပြီး ပစ်ခတ်သူသည် ဒုံးကျည်မပစ်ခတ်မီ အလင်းရောင်မြင်နိုင်မှုနည်းပါးသည့် အခြေအနေများတွင်ပင် ပစ်မှတ်ကို ရှာဖွေဖော်ထုတ်နိုင်ရန် Command Launch Unit (CLU) ကို အသုံးပြုထားသည်။ အဆိုပါစနစ်ဖြင့် သံချပ်ကာယာဉ်များအပြင် ခိုင်ခံ့သောခံစစ်နေရာများကိုလည်း တိုက်ခိုက်နိုင်သည်။

RTX Corporation ၏ ဖော်ပြချက်အရ Javelin ဒုံးကျည်ကို မောင်းသူမဲ့မြေပြင်သွားယာဉ် (UGV)ပေါ်မှလည်း အဝေးထိန်းစနစ်ဖြင့် ပစ်လွှတ်နိုင်ပြီး စနစ်တစ်ခုလုံး၏ အလေးချိန်မှာ ၁၅ ဒသမ ၉ ကီလိုဂရမ်ခန့်ရှိကာ စစ်သည်တစ်ဦးတည်းဖြင့် ကိုင်တွယ်အသုံးပြုနိုင်သည်။

Javelin ဒုံးကျည်သည် ရုရှား–ယူကရိန်းပဋိပက္ခအတွင်း ယူကရိန်းတပ်ဖွဲ့များက ရုရှားသံချပ်ကာတပ်ဖွဲ့များကို တိုက်ခိုက်ရာတွင် ထိရောက်စွာ အသုံးပြုခဲ့ခြင်းကြောင့် ကမ္ဘာတစ်ဝန်းတွင် ပိုမိုကျော်ကြားလာခဲ့ပြီး လက်ရှိတွင် Javelin ဒုံးကျည်ကို အမေရိကန်စစ်ဘက်အပြင် နိုင်ငံတကာကလည်း ဝယ်ယူအသုံးပြုလျက်ရှိကြောင်း သိရသည်။

**India Signs Deal to Buy Javelin Anti–Tank Missiles** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# High-level Myanmar delegation led by President U Min Aung Hlaing and his spouse Daw Kyu Kyu Hla arrive in Viet Nam on their official visit



**President U Min Aung Hlaing and his spouse Daw Kyu Kyu Hla being seen off at Nay Pyi Taw Airport on their departure for Viet Nam.**



**President U Min Aung Hlaing and his spouse Daw Kyu Kyu Hla being welcomed at Noi Bai International Airport in Hanoi.**

**Nay Pyi Taw September 4**

A high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and his spouse Daw Kyu Kyu Hla left Nay Pyi Taw Airport by special aircraft this morning to pay an official visit to the Socialist Republic of Viet Nam at the invitation of President of SRV Mr To Lam and his spouse.

The President and the delegation were seen off at the airport by Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi and his wife, Amyotha Hluttaw Speaker U Aung Lin Dwe and his wife, Commander-in-Chief of Defence Services General Ye Win Oo and his wife, Union ministers and their wives, the commander of the Nay Pyi Taw Command and officials from the Embassy of Viet Nam to Myanmar.

The President was accompanied by Union Ministers U Khin Maung Yi, U Tin Maung Swe, U Min Naung, Dr Charlie Than and U Tun Ohn, senior military officers from the Office of the Commander-in-Chief, Yangon Region Chief Minister U Aung Naing Thu, deputy ministers and officials.

The special aircraft carrying the President-led high-level Myanmar delegation arrived at Noi Bai International Airport in Hanoi at about 12.30 pm local standard time. They were warmly welcomed by senior officials led by Mr Lê Khánh Hải, Member of the Central Committee of the Communist Party of Viet Nam and Minister at the Office of the President of the Socialist Republic of Viet Nam and officials, the Vietnamese Ambassador to Myanmar, Myanmar Ambassador to Viet Nam U Wai Lin and his wife, Myanmar Military Attachés (Army, Navy and Air) Brig-Gen Zaw Min and officials.

During the welcome ceremony, members of the Guard of Honour of Viet Nam took their positions and saluted on both sides of the red carpet in accordance with traditional protocol for welcoming and honouring Heads of State. They also presented bouquets as gifts to welcome President of the Republic of the Union of Myanmar U Min Aung Hlaing and his spouse, Daw Kyu Kyu Hla, upon their arrival.

MNA

# Vice President U Nyo Saw visits Vladivostok's largest Thermal Power Plant and Commercial Port

**Vladivostok September 4**

Vice President U Nyo Saw, who is currently in Vladivostok, Russian Federation, visited Vladivostok's largest thermal power plant and the Commercial Port of Vladivostok at 9:30 am local time on September 4, accompanied by Union ministers, deputy ministers and other delegation members.

First, the Vice President and delegation arrived at the city's largest thermal power plant, which plays an important role in supplying electricity and heat to Vladivostok. They were welcomed by the Director of the Vladivostok CHP-2 Structural Division of JSC Far Eastern Generating Company and the Deputy Minister of Energy and Natural Gas Supply of Primorsky Krai. They were then briefed on the plant's electricity generation operations and the control and distribution of electricity.

The Vice President and delegation subsequently visited the Commercial Port of Vladivostok, where they were welcomed by the Executive Director of the Commercial Port of Vladivostok and officials. They were briefed on the port's cargo loading and unloading operations using modern machinery and equipment.

On the previous morning, the Vice President also held separate meetings at a building on the campus of Far Eastern Federal University with Russian Federation Minister for Economic Development Mr. Maxim Reshetnikov and PJSC Sberbank Senior Vice President Mr. Vladimir Sitnov. They exchanged views and held frank discussions on enhancing bilateral economic cooperation between Russia and Myanmar and investment-related matters.

MNA



**Vice President U Nyo Saw visits Vladivostok's Commercial Port on September 4.**

# President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation visit Vinfast automotive manufacturing company and Viettel telecommunications and technology corporation in Hanoi, Socialist Republic of Viet Nam




**President U Min Aung Hlaing hears a briefing at Viettel telecommunications and technology corporation.**

**Nay Pyi Taw September 4**

President of the Republic of the Union of Myanmar U Min Aung Hlaing and his high-level Myanmar delegation, who are in the Socialist Republic of Viet Nam at the invitation of President of the SRV Mr. Tô Lâm and his spouse, visited Vinfast automotive manufacturing company and Viettel telecommunications and technology conglomerate in Hanoi his afternoon.

**Vinfast automotive manufacturer**

The President proceeded to Hai Phong from Hanoi in a special motorcade and observed the road transportation development and systematic maintenance of Vietnam, maintenance of a balanced ratio of agricultural to urban and rural residential land on both sides of the roadside, and running of agro-based industries by building production roads all along the route.

On arrival at the Vinfast company, the President and delegation were heartly welcomed by Madam DUONG THI HOAN, Vice Chairperson of VinGroup, a major business group of Vietnam, Mr. PHAM NHAT QUAN ANH, Chairman and Chief Executive Officer of VinFast and officials.

At the meeting hall of the company, an official extended greetings to the President and his delegation, expressing great pleasure at their visit to the company, one of the principal subsidiaries of the Vingroup. Officials of the VingGroup and VinFast introduced themselves to the President individually. Mr. PHAM NHAT QUAN ANH extended greetings and explained the history of the car manufacturing factory, type of cars and motorcycles it is producing, domestic and foreign distribution. The President and delegation watched a video clip on the production process of the Vinfast company.

The President exchanged commemorative gifts with the chairman and CEO of VinFast.

President of the Republic of the Union of Myanmar U Min Aung Hlaing expressed pleasure at observing the automobile manufacturing process of VinFast, one of the main subsidiaries of the VinGroup. The President said he has already witnessed the functions of the company. The reports of the official illustrated a clearer and broader picture of the operations, he noted, expressing immense pleasure and honour at the company's success. His visit to Vietnam is to enhance cooperation and seek means to establish joint operations with VinFast. He wished greater success for the company.

The President looked around the different stages of the robotic manufacturing process including the molding section, body assembling section, painting section, final touches section. He inquired about and discussing the presentations.

VinFast, one of Vietnam's prominent automobile manufacturers, is one of the businesses under Vingroup, a major Vietnamese conglomerate, and primarily manufactures of electric vehicles and electric motorcycles. The VinFast automobile manufacturing company is located in the Cat Hai area of Hai Phong in northern Vietnam. Construction of the factory began in September 2017 and was completed within 21 months. The factory was inaugurated on 14 June 2019, marking the start of vehicle production. The Vinfast Hai Phong automobile manufacturing complex covers an area of more than 500,000 square metres and uses modern technologies, automation systems and robotics in its vehicle production processes. The factory comprises production facilities capable of carrying out major processes, including metal forming, body assembly, painting, final assembly and battery manufacturing. In addition, VinFast is working to develop domestic battery manufacturing and supply chains required for electric vehicles. The integrated development of the vehicle manufacturing, electric battery and technology sectors is an important component of VinFast's strategy for developing its electric vehicle business.

VinFast is playing a key role in automobile manufacturing and electric vehicle sector development in Vietnam. It operates production at two factories in Vietnam and one each in Indonesia and India to expand its products to the international market.

The President observed motorcycles and vehicles finally manufactured by the factory and asked questions and discussed matters of interest regarding the presentations made by the officials.

**Telecommunications and technology conglomerate**

The delegation led by the President then proceeded to the telecommunications and technology conglomerate. Upon their arrival at the company, Deputy Minister of Defence of Vietnam Senior Lt-Gen Nguyen Quang Ngoc, Chairman and CEO of Viettel Group Lt-Gen Tao Duc Thang, and officials warmly welcomed and cordially greeted the President and members of the delegation, followed by a commemorative group photo.

At the meeting hall of the company, an official extended greetings, saying that they were greatly honoured and pleased that the Myanmar high-level delegation led by President U Min Aung Hlaing of the Republic of the Union of Myanmar has visited the Viettel telecommunications company and introduced officials from Viettel telecommunications company individually. The President and those present then watched a video clip highlighting the longstanding and strong bonds of friendship and diplomatic relations established between Myanmar and Vietnam; the role played by Viettel in contributing to the strengthening of telecommunications and economic cooperation between the two countries; the company's continued development and progress; and the development of a telecommunications network in Myanmar under the Mytel brand.

Viettel Group Chairman and CEO Lt-Gen Tao Duc Thang expressed his great honour and pleasure at the President's support

*See Page 14*



**President U Min Aung Hlaing observes vehicles at Vinfast automotive manufacturing company.**

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin delivers remarks to officers at Office of Commander-in-Chief (Army) compound



General Kyaw Swa Lin delivering remarks to officers at Office of Commander-in-Chief (Army) compound.

**Nay Pyi Taw September 4**

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin delivered remarks during a meeting with officers from the Office of the Commander-in-Chief (Army) compound at the Zeyathiri Beikman Hall in Nay Pyi Taw this afternoon.

The meeting was attended by General Kyaw Swa Lin alongside Commander-in-Chief (Navy) Admiral Htain Win, Commander-in-Chief (Air) General Tun Win, senior military officers from the Office of the Commander-in-Chief, and officers from various offices and departments within the Office of the Commander-in-Chief (Army) compound.

In delivering his remarks during the meeting, the General expressed his pride and delight at meeting the officers who are capably fulfilling their national defence duties.

He noted that historically, powerful British imperialists launched unfair aggressive wars to occupy the country, prompting the Tatmadaw and the public to unite and drive them out to achieve sovereignty and independence. He further emphasized that the nation occupies a geographically strategic location situated between two powerful countries with different political systems, making it strategically significant to powers seeking influence.

He stated that since independence, armed insurgents have used various pretexts such as ethnicity and ideology in their attempts to dismantle the nation, while Tatmadaw members have courageously countered these efforts with all their ability, risking their lives amid numerous hardships. He stressed that to overcome current challenges, the Tatmadaw must remain strong and consolidated. He added that building this strength requires every individual to be proficient in their respective fields, possess firm and upright moral character, and maintain physical fitness and endurance.

He emphasized that physical fitness and health are extremely vital for military personnel. He stated that to maintain physical fitness, individuals must engage in daily exercise and maintain healthy living and dietary habits. He added that only with physical health and strength can they successfully carry out their daily duties.

He noted that officers serving in various offices and departments within the Office of the Commander-in-Chief (Army) compound are selected exemplary personnel who are flawless in conduct and possess outstanding morale, discipline, and capabilities. Therefore, he emphasized that officers must value themselves and fulfill their duties with pride.

He stressed that as leaders of units and battalions, officers must serve as role models in military discipline and remain untainted by financial fraud, online gambling, drug abuse, and moral misconduct, which damage the Tatmadaw's dignity and image. He urged them to strictly maintain information security to prevent breaches caused by negligence, noting that severe action has been taken against those involved in such security failures. He therefore instructed officers to understand and strictly adhere to issued laws and regulations, stay loyal to the State and the Tatmadaw as service members who recite the Four Oaths daily, and cultivate patriotism and love for the country. Furthermore, he emphasized the need for officers to share knowledge and guide their colleagues across their respective offices and departments.

Military officials were advised to conduct themselves in accordance with moral principles, emphasizing the need for personal integrity and the importance of fostering good moral character among subordinates. He highlighted that only through such discipline could their respective organizations be effectively and properly managed. Officials were also reminded to treat their colleagues with a spirit of fraternity and solidarity. He stressed that a decline in moral standards could undermine unit cohesion and unity. Therefore, all military personnel were urged to live and act in a manner befitting exemplary soldiers. Maintaining personal discipline was described as synonymous with preserving the honour of one's unit, department and the Armed Forces as a whole.

Regarding moral conduct, officials were instructed to adhere to the Head of State's ongoing guidance, particularly the principle of the "The Four Appropriates" mean: go only where you should go, speak only what you should speak, do only what you should do, and associate only with whom you should associate.

Officers, as future leaders who will shoulder the responsibilities of the Armed Forces, were reminded to cultivate self-respect, uphold high ethical standards, and maintain their professional competence. They were encouraged to lead disciplined and orderly daily lives.

In addition, military officers were advised to broaden their knowledge by reading books and publications on national history, military history, geography and historical developments. Continuous study of professional literature and other beneficial materials during leisure time was also encouraged. He noted that sustained reading and learning would enhance their ability to perform duties effectively. Officers were further urged to apply and share what they had learned through reading, discussion and practical application, thereby strengthening their intellectual capacity. Such practices would enable them to exercise sound judgment and become reliable pillars for the State, the Armed Forces, and the public.

To become officers worthy of the trust placed in them by the State and the military, it was deemed essential to possess correct beliefs and convictions. Continuous learning and the cultivation of critical thinking skills were emphasized, along with the need for a spirit of sacrifice and dedication to uphold the dignity of the Armed Forces. Officials attending the meeting were encouraged to strive to become leaders who would greatly contribute to the nation and the military in the future.

Following the address, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin cordially greeted and exchanged pleasantries with the attending officials, according to reports. 100

---

*From Page 13*

for Viettel Group and Mytel. He also said that he was particularly proud and pleased that the name "Mytel" had been personally chosen by the President. He said that Viettel Group wished to further enhance its cooperation with Mytel and strengthen collaboration to ensure the continued development of Mytel's telecommunications network and services in Myanmar. He noted that Mytel had considerable potential for further development in digital technology, digital connectivity and digital transport. He also expressed his best wishes for the success of the visit led by the President.

The President then said that both sides must fully implement the agreements reached between them and continuously expand their cooperation and activities. Myanmar is encouraging efforts to further develop communication networks across the country. The President unveiled that investments could be made in Myanmar's technology special zones, including Yadanabon Cyber City, to manufacture digital and technology-related products. He reaffirmed that he would continue to support and promote the sustained development of the digital and technology sectors.

The President and the Chairman and CEO of Viettel Group exchanged commemorative gifts.

The President was seen off warmly by the Chairman and CEO of Viettel Group and officials as he departed from Viettel Group.

MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၄၀၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၄၀၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၄၀၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင် ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)




# ပဲခူးမြို့နယ် ထုံးကလေးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ပဲခူး စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုံးကလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများ စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆက်လက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထုံးကလေးကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

**သုတ**

# ဝါးခယ်မမြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဝါးခယ်မ စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဝါးခယ်မမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ငါးပိ၊ ငါးခြောက်ဈေးကွက်၌ ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ ယနေ့ထိ ငါးမြွေထိုးခြောက်များ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ငါးမြွေထိုးခြောက်တွေ ဩဂုတ်လ ဒုတိယပတ်လောက်ကတည်းက အရောင်းသွက်ခဲ့တာပါ။ လက်ရှိမှာလဲ ပုံမှန်ထက်ကို တော်တော်လေး အရောင်းသွက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို မှာယူအားတက်



နေလို့ပါ။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ အခုလို ငါးမြွေထိုးခြောက်တွေ မှာယူမှုများလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်း နယ်ပယ်အသီးသီးကသူတွေလဲ အဆင်ပြေလာပါတယ်"ဟု ဝါးခယ်မမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုး အစိမ်းများကိုဝယ်ယူပြီး အချို့အငန်စပ်၍ စနစ်တကျ အခြောက်လှန်းကာ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ကတကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကတကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းစက်ဝန်း ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံ ငွေကျပ် ၄၄ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကတကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Viettel ဆက်သွယ်ရေးကုမ္ပဏီအစည်းအဝေးခန်းမ၌ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sr. Lt. Gen. Nguyen Quang Ngoc(ငုရင်-ကွမ်း-ငေါက်)၊ Viettel Group၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang (သာအို-ဒု-ထန်း)၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။









ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang (သာအို-ဒု-ထန်း)တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ **ကျောဖုံးမှအဆက်**

စနစ်တကျတည်ဆောက်ထိန်းသိမ်းထားရှိမှုများ၊ လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မြို့ပြနှင့် ကျေးလက်လူနေထိုင်ရာနေရာများကို အချိုးကျကျဖြင့် စနစ်တကျမြေအသုံးချထားရှိမှုများ၊ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများအား ကုန်ထုတ်လမ်းများဖောက်လုပ်၍ စနစ်တကျအကောင်အထည်ဖော်တည်ဆောက်ထားရှိမှုများကို လေ့လာကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အဖွဲ့ဝင်များသည် Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသို့ ရောက်ရှိကြရာ ဗီယက်နမ်နိုင်ငံ၏အကြီးစားစီးပွားရေးလုပ်ငန်းစု Vingroup ၏ ဒုတိယဥက္ကဋ္ဌ Madam DUONG THI HOAN(ဇွူဝမ်-ထိ-ဟွန်)၊ Vinfast ကုမ္ပဏီ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. PHAM NHAT QUAN ANH(ဖန်-ညက်-ကွမ်-အိုင်း)နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြသည်။

ယင်းနောက် ကုမ္ပဏီအစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက ဗီယက်နမ်နိုင်ငံ၏ အကြီးစားစီးပွားရေးလုပ်ငန်းစု Vingroup ၏ အဓိကလုပ်ငန်းခွဲတစ်ခုဖြစ်သည့် Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် လာရောက်လေ့လာမှုအပေါ်များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗီယက်နမ်နိုင်ငံ၏ အကြီးစားစီးပွားရေးလုပ်ငန်းစု Vingroup မှ တာဝန်ရှိသူများနှင့် Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။ ဆက်လက်၍ Vinfast ကုမ္ပဏီ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. PHAM NHAT QUAN ANH(ဖန်-ညက်-ကွမ်-အိုင်း)က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် စက်ရုံဆိုင်ရာသမိုင်းကြောင်းများ၊ စက်ရုံမှထုတ်လုပ်လျက်ရှိသည့် မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်များ၊ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီး Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဆိုင်ရာများနှင့်ပတ်သက်သည့် Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် Vinfast ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ရာ နိုင်ငံတော်သမ္မတက လက်ခံရယူပြီး အမှတ်တရလက်ဆောင်ပစ္စည်းပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ ဗီယက်နမ်နိုင်ငံ၏ အကြီးစားစီးပွားရေးလုပ်ငန်းစု Vingroup ၏ အဓိကလုပ်ငန်းခွဲတစ်ခုဖြစ်သော Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၏မော်တော်ယာဉ်ထုတ်လုပ်မှုအခြေအနေများကို လာရောက်လေ့လာရခြင်းအတွက် ဝမ်းမြောက်မိပါကြောင်း၊ ကုမ္ပဏီ၏ဆောင်ရွက်ချက်များအပေါ်လေ့လာမှုများအရ သိရှိရပြီး ယခုရှင်းလင်းတင်ပြမှုများအရလည်း ပိုမိုသိရှိရသည့်အတွက် အောင်မြင်တိုးတက်မှုများအပေါ် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊မိမိအနေဖြင့် ယခုဗီယက်နမ်နိုင်ငံသို့ လာရောက်သည့်ခရီးစဉ်အတွင်း စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရန်ရည်ရွယ်ထားရှိပြီး Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများအပေါ် လေ့လာကြည့်ရှုသွားမည်ဖြစ်ကြောင်းနှင့် ယခုထက်ပိုမိုသော အောင်မြင်မှုများရရှိရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီအတွင်း လှည့်လည်၍ သတ္တုပုံဖော်ခြင်း၊ ကားကိုယ်ထည်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ အပြီးသတ်တပ်ဆင်ခြင်းစသည့် မော်တော်ယာဉ်ထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အလိုအလျောက်စနစ်များနှင့် စက်ရုပ်နည်းပညာများ အသုံးပြု၍ ဆောင်ရွက်နေမှုများအပေါ် လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

အဆိုပါဗီယက်နမ်နိုင်ငံ၏ထင်ရှားသော အလျောက်စနစ်များနှင့် စက်ရုပ်နည်းပညာများအသုံးပြု၍ ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံတွင် သတ္တုပုံဖော်ခြင်း၊ ကားကိုယ်ထည်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ အပြီးသတ်တပ်ဆင်ခြင်းနှင့် ဘက်ထရီထုတ်လုပ်ခြင်းစသည့် အဓိကလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်သည့် ထုတ်လုပ်ရေးဌာနများပါဝင်ကြောင်း၊ ထို့ပြင် Vinfast သည် လျှပ်စစ်မော်တော်ယာဉ်များအတွက် လိုအပ်သည့် ဘက်ထရီထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကဏ္ဍများကိုလည်း ပြည်တွင်း၌ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိပြီး မော်တော်ယာဉ်ထုတ်လုပ်မှုမှ လျှပ်စစ်ဘက်ထရီနှင့် နည်းပညာပိုင်းဆိုင်ရာကဏ္ဍများထိ ချိတ်ဆက်တည်ဆောက်ထားခြင်းသည် Vinfast ၏ လျှပ်စစ်မော်တော်ယာဉ် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း။

Vinfast သည် ဗီယက်နမ်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် လျှပ်စစ်ယာဉ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည့် ကုမ္ပဏီမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံ၏ အကြီးစားစီးပွားရေးလုပ်ငန်းစု Vingroup ၏ လုပ်ငန်းများအနက်တစ်ခုဖြစ်ပြီး လျှပ်စစ်မော်တော်ယာဉ်များနှင့် လျှပ်စစ်မော်တော်ဆိုင်ကယ်များကို အဓိကထုတ်လုပ်လျက်ရှိကြောင်း၊ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကို ဗီယက်နမ်နိုင်ငံမြောက်ပိုင်း Hai Phong မြို့ Cat Hai ဒေသတွင် တည်ဆောက်ထားပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် စက်ရုံတည်ဆောက်ရေးစတင်ခဲ့ကာ ၂၁ လအတွင်း တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန် ၁၄ ရက်တွင် စက်ရုံဖွင့်လှစ်၍ မော်တော်ယာဉ်ထုတ်လုပ်မှုများကို စတင်ခဲ့ကြောင်း၊ Vinfast ၏ Hai Phong မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသည် ဧရိယာ စတုရန်းမီတာ ၅၀၀၀၀၀ ကျော် ကျယ်ဝန်းပြီး မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ခေတ်မီနည်းပညာများ၊ အလို




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတွင် လေ့လာကြည့်ရှုကြစဉ်။

တစ်ခုဖြစ်ပြီး ဗီယက်နမ်နိုင်ငံတွင် စက်ရုံနှစ်ရုံ၊ အင်ဒိုနီးရှားနိုင်ငံတွင် စက်ရုံတစ်ရုံ၊ အိန္ဒိယနိုင်ငံတွင်စက်ရုံတစ်ရုံတို့ဖြင့် ထုတ်လုပ်မှုလုပ်ငန်းများလည်းပတ်လျက်ရှိကာ နိုင်ငံတကာဈေးကွက်များသို့လည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် Vinfast မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံမှ အပြီးသတ်ထုတ်လုပ်ထားသည့် မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များကို ကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

## Viettel ဆက်သွယ်ရေးကုမ္ပဏီ

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အဖွဲ့ဝင်များသည် Viettel ဆက်သွယ်ရေးကုမ္ပဏီသို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး ကုမ္ပဏီသို့ရောက်ရှိစဉ် ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sr. Lt. Gen. Nguyen Quang Ngoc(ငုရင်-ကွမ်း-ငေါက်)၊ Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang (သာအို-ဒု-ထန်း)နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ကုမ္ပဏီအစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် Viettel ဆက်သွယ်ရေးကုမ္ပဏီသို့ လာရောက်လေ့လာသည့်အတွက် မိမိတို့အနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသည့် Viettel ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများသည် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ရှည်လျားခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှု၊ သံတမန်ဆက်ဆံရေးတည်ဆောက်နိုင်ခဲ့မှုနှင့် Viettel ဆက်သွယ်ရေးကုမ္ပဏီအနေဖြင့် နှစ်နိုင်ငံဆက်သွယ်ရေးနှင့် စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုများခိုင်မာစေရေးကို တစ်ထောင့်တစ်နေရာမှတည်ဆောက်နိုင်ခဲ့မှုဆိုင်ရာများ၊ စဉ်ဆက်မပြတ် ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် Mytel အမှတ်တံဆိပ်ဖြင့် ဆက်သွယ်ရေးကွန်ရက်တစ်ခု ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများနှင့်ပတ်သက်သည့် Video Clip ဖွင့်လှစ်ပြသမှုကို ကြည့်ရှုကြသည်။

ယင်းနောက် Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang(သာအို-ဒု-ထန်း)က အဆွေတော်သမ္မတကြီးအနေဖြင့် Viettel Group နှင့် Mytel တို့အပေါ် ထောက်ခံအားပေးခဲ့မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ Mytel ဟူသည့် အမည်နာမသည် အဆွေတော်သမ္မတကြီးကိုယ်တိုင် ရွေးချယ်ပေးအပ်ခဲ့သည့် အမည်နာမဖြစ်သည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ Viettel Group အနေဖြင့် Mytel နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် Mytel ဆက်သွယ်မှုကွန်ရက်ဆိုင်ရာလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ ဒစ်ဂျစ်တယ် လမ်းပန်းဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ် သယ်ယူပို့ဆောင်ရေးတို့တွင် Mytel အနေဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အလားအလာများစွာရှိနေပါကြောင်း၊ အဆွေတော်သမ္မတကြီး ဦးဆောင်သည့် ခရီးစဉ်အတွင်း အောင်မြင်မှုများရရှိပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နှစ်ဖက်သဘောတူညီချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်၍ လုပ်ငန်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်းဆက်သွယ်မှုကွန်ရက်များ ပိုမိုကောင်းမွန်ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ရတနာပုံဆိုက်ဘာစီးတီးအပါအဝင် မြန်မာနိုင်ငံ၏ နည်းပညာအထူးဇုန်များမှာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပြီး ဒစ်ဂျစ်တယ်နှင့် နည်းပညာဆိုင်ရာပစ္စည်းများ လာရောက်ထုတ်လုပ်နိုင်ပါကြောင်း၊ မိမိအနေဖြင့် ဒစ်ဂျစ်တယ်နှင့် နည်းပညာကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်အမြဲအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် Viettel Group ၏ ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် Viettel Group မှ ပြန်လည်ထွက်ခွာရာ Viettel Group ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာဖြင့် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

PPIB News

# ဒုတိယသမ္မတ ဦးညိုစော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့ရှိ အကြီးဆုံးသော အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံနှင့် ဗလာဒီဗော့စတော့ကုန်သွယ်ရေးဆိပ်ကမ်းတို့ကို လှည့်လည်ကြည့်ရှု

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဗလာဒီဗော့စတော့မြို့ရှိ အကြီးဆုံးသော အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှင့် ဗလာဒီဗော့စတော့ကုန်သွယ်ရေးဆိပ်ကမ်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ဦးစွာ ဒုတိယသမ္မတသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဗလာဒီဗော့စတော့မြို့ရှိ မြို့တော်အတွက် လျှပ်စစ်ဓာတ်အားနှင့် အပူပေးရေးအတွက်အရေးပါသည့် အကြီးဆုံးသော အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ "JSC Far Eastern Generating Company ၏ Vladivostok CHP-2" ဖွဲ့စည်းပုံဆိုင်ရာဌာနခွဲ ဒါရိုက်တာနှင့် Primorsky Krai ၏ စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ထောက်ပံ့ရေးဆိုင်ရာ ဒုတိယဝန်ကြီးတို့က ကြိုဆိုနှုတ်ဆက်ကြပြီး စက်ရုံအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် လျှပ်စစ်ဓာတ်အား ထိန်းချုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေများကို လိုက်လံရှင်းပြသကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဗလာဒီဗော့စတော့ ကုန်သွယ်ရေးဆိပ်ကမ်းသို့ရောက်ရှိရာ Executive director of Commercial Port of Vladivostok နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဆိပ်ကမ်း၌ ခေတ်မီစက်ယန္တရားများဖြင့် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကိုလိုက်လံရှင်းလင်းပြသကြသည်။

ဒုတိယသမ္မတသည် ယမန်နေ့နံနက်ပိုင်းကလည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာရယ်ရှဲသငြိကော့ဗ်နှင့် ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ PJSC Sberbank ဒုတိယဥက္ကဋ္ဌ မစ္စတာဗလာဒီမာဆိနေ့ဗ်နှင့် အဆိုပါအဆောက်အအုံ၌လည်းကောင်း သီးခြားစီတွေ့ဆုံပြီး ရုရှား-မြန်မာ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ရင်းနီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး နှင့် ဇနီး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြစဉ်။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်စဉ် ဗီယက်နမ်နိုင်ငံဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ခလေ့ထုံးစံစဉ်လာနှင့်အညီ ကော်ဇောနီ၏တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍လည်းကောင်း၊ ဂုဏ်ပြုလက်ဆောင်ပန်းစည်းများ ကမ်း၍လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို ခရီးဦးကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်တို့အကျိုးတူပူးပေါင်း၍ မန္တလေးနို့ချက်စက်ရုံ၌ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေးသမဝါယမအသင်း လီမိတက်တို့ အကျိုးတူပူးပေါင်း၍ မန္တလေးနို့ချက်စက်ရုံ၌ နို့နှင့်နို့ထွက်ပစ္စည်းများထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရုံသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများနှင့် တွေ့ဆုံ၍ သမဝါယမအသင်းများအနေဖြင့် သမဝါယမစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရန်၊ ခိုင်မာအားကောင်းသော စံပြအသင်းများဖြစ်စေရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်စေရန်၊ ကိုယ့်အားကိုယ်ကိုးပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Royal Ruby Flower တန် ၁၅၀ ကျဆန်စက်လည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး ကုန်ကြမ်းရရှိရေး၊ စုပေါင်းစိုက်ပျိုးဆောင်ရွက်သည့် သမဝါယမအသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါး၊ ရက်ကန်းနှင့် သက်မွေးပညာသိပ္ပံသို့ရောက်ရှိပြီး စက်ရက်ကန်း၊ လက်ရက်ကန်း ရွှေချည်ထိုးငွေချည်ထိုး သင်တန်းလက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပုသိမ်ကြီးမြို့နယ်ရှိသမဝါယမကောလိပ်(မန္တလေး)သို့ ရောက်ရှိပြီး ကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သင်ကြားရေးပိုင်းတွင် ဆရာ၊ ဆရာမ အင်အားလိုအပ်မှုဖြည့်တင်းခန့်ထားရန်လိုအပ်ကြောင်း၊ ဆရာ၊ဆရာမများကလည်း စွမ်းရည်ရှိပြီး ကောလိပ်၏ မျှော်မှန်းချက်အတိုင်း ကျောင်းသား၊ ကျောင်းသူများကို အမှန်တကယ် တတ်မြောက်ရန်သင်ကြားပေးရန် လိုအပ်ကြောင်း၊ အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် တင်ပြမှုများကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကောလိပ်ဝင်းအတွင်းရှိစာသင်ဆောင်များ၊စာကြည့်တိုက်၊ ဝန်ထမ်းအိမ်ရာများ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ပါဝင်တက်ရောက်ခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၂၇-၂၀၂၈) ကို လက်မှတ်ရေးထိုး



**နေပြည်တော် စက်တင်ဘာ ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၁ ရက်မှ ၄ ရက်ထိ ကျင်းပသည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (11th Eastern Economic Forum)နှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည်ဗလာဒီဗော့စတော့မြို့သို့လေကြောင်းခရီးဖြင့်ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၂၇-၂၀၂၈)ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုလက်မှတ်ရေးထိုးသည့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၂၇-၂၀၂၈)သည် ရုရှား-မြန်မာ နှစ်နိုင်ငံကြား ဝန်ထမ်းများလေ့ကျင့်သင်တန်းပေးခြင်း၊ အတွေ့အကြုံနှင့် နည်းပညာဖလှယ်နိုင်ခြင်းများကြောင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့်ယုံကြည်မှုကို ပိုမိုခိုင်မာအားကောင်းလာစေပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ပိုမိုအားကောင်း၍ များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် Mr. A.V. Gutsan က တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ဆက်စပ်အစည်းအဝေးဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ကြီးမှူးကျင်းပသည့် "နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်သော စီးပွားရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချခြင်း" အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့သည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် ၁၁ ကြိမ်မြောက်အရှေ့ဖျား စီးပွားရေးဖိုရမ်၏ "အရှေ့ဖျားစီးပွားရေးဒေသ ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး" ခေါင်းစဉ်ဖြင့်ကျင်းပသော မျက်နှာစုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၆)ကျင်းပ



နေပြည်တော် စက်တင်ဘာ ၄

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ ၌ ကျင်းပသည်။

အစည်းအဝေးသို့ လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ဗဟိုကော်မတီဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ အဖွဲ့ဝင်များ၊ လွှတ်တော်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနာယကက အဖွင့်အမှာစကားပြောကြားရာတွင် ယခင်လွှတ်တော်အစည်းအဝေးများကို ကော်မတီအားလုံး၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကြောင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လာမည့် စက်တင်ဘာ ၂၁ ရက်တွင် တတိယပုံမှန်အစည်းအဝေးများကို စတင်ကျင်းပရန် ကြေညာထားပြီးဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အတွင်း နေပြည်တော်ကို ရောက်ရှိသတင်းပို့ကြမည်ဖြစ်သည့်အတွက် အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို အထူးအလေးထား ပေါင်းစပ်ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

တည်းခိုရေးနှင့် နေရာချထားရေး ကော်မတီအနေဖြင့် ကိုယ်စားလှယ်များ တည်းခိုမည့် အဆောက်အအုံများ ကောင်းမွန်ရေးနှင့် ရေ၊ မီး၊ အင်တာနက် အဆင်ပြေစေရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ တည်းခိုစဉ်အတွင်း ကြုံတွေ့ရမည့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကိုလည်း အမြန်ဆုံးဖြည့်ဆည်းပေးနိုင်အောင် ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးကော်မတီအနေဖြင့် လွှတ်တော်ဝင်းအတွင်း၊အပြင်၊ တည်းခိုရာနေရာနှင့် ယာဉ်တန်းလုံခြုံရေးကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ ပြင်ပမှလာရောက်သူများနှင့် ဝန်ထမ်းများ၏ ဝင်ထွက်သွားလာမှုကို စနစ်တကျ သေချာစွာစိစစ်ရန်နှင့် ဝန်ထမ်းများ "လုံခြုံရေးအသိ၊ သတိ" အမြဲရှိနေစေရန် မှာကြားထားရမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရေး၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေးစက်ခလုတ်ဆိုင်ရာ လုပ်ငန်းကော်မတီအနေဖြင့် e-Voting၊ Delegate Unit နှင့် LED Board များ ကောင်းမွန်စွာ လည်ပတ်နိုင်ရေး ပုံမှန်စမ်းသပ်ထားရန် လိုအပ်ကြောင်း၊ ရုပ်၊သံစနစ်များ ကြည်လင်ပြတ်သားရေးနှင့် တယ်လီဖုန်းစနစ် ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အစားအသောက် စစ်ဆေးရေးကော်မတီအနေဖြင့် ဆေးခန်းများတွင် ဆေးဝါးနှင့် အရေးပေါ်ဆေးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရန်လိုကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် ကိုယ်စားလှယ်တည်းခိုရာနှင့် လွှတ်တော်အနီးရှိ စားသောက်ဆိုင်များ၏ အစားအသောက်နှင့် သောက်သုံးရေ သန့်ရှင်းမှုကို အထူးဂရုပြုစစ်ဆေးပေးရန် လိုကြောင်း။

အလားတူ သယ်ယူပို့ဆောင်ရေး ကော်မတီအနေဖြင့် ကိုယ်စားလှယ်များ လာရောက်ရာတွင် အဆင်ပြေစေရေး ဆောင်ရွက်ထားရှိရန်နှင့် တည်းခိုရိပ်သာနှင့် လွှတ်တော်အကြား အသွား၊ အပြန် သယ်ယူပို့ဆောင်ရေးကို သက်ဆိုင်ရာ ကော်မတီများနှင့် အချိန်မီဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အခမ်းအနား ပြင်ဆင်ရေးကော်မတီအနေဖြင့် ခန်းမကြီးများပြုပြင်ထိန်းသိမ်းမှု၊ ပရဝဏ်သန့်ရှင်းရေးနှင့် မြို့ပြ၊ ရေသန့်၊ လျှပ်စစ်၊ ရုပ်သံပိုင်းဆိုင်ရာ ကောင်းမွန်စေရန် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးကော်မတီအနေဖြင့် ရုပ်သံသတင်းမှတ်တမ်းထုတ်လွှင့်မှု စနစ်တကျရှိစေရေး စက်ပစ္စည်းများကိုအသင့်ပြင်ဆင်ထားရန်လိုကြောင်း၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ စည်းကမ်းချက်များနှင့်အညီ စနစ်တကျသတင်းရယူနိုင်ရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ နိုင်ငံခြားသတင်းထောက်များအသင်းတို့နှင့် ပူးပေါင်းပြီး ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း။

ထို့အတူ လျှပ်စစ်ကဏ္ဍနှင့်စပ်လျဉ်းပြီး လွှတ်တော်အစည်းအဝေးများ ကျင်းပသည့်အခါ လွှတ်တော်ပရဝဏ်အတွင်းနှင့် အစည်းအဝေးခန်းမကြီးများ၊ တည်းခိုဆောင်များတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများကို လုပ်ငန်းကော်မတီများ၏ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်မှုကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ကော်မတီဝင်များ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ တတိယပုံမှန်အစည်းအဝေးတွင် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် ကြယ်ပွင့်ပြမေးခွန်းများကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့် လွှတ်တော်ကြား အပြန်အလှန်နားလည်မှု၊ တာဝန်ယူမှု၊ ညှိနှိုင်းပူးပေါင်းမှုနှင့် ထိရောက်သောဆက်သွယ်မှုတိုးမြှင့်ကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် အစည်းအဝေးများ အောင်မြင်စွာ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ကော်မတီဝင်များအနေဖြင့် အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီနာယကက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခု၊ ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ရေကြည်၊ငါးသိုင်းချောင်း၊ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခု၊ ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော်လည်း ကျုံပျော်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၃ လက်မခန့်သာ ကျန်ရှိသဖြင့် ၁၀ လက်မခန့် ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၅ လက်မခန့်သာ ကျန်ရှိသဖြင့် ရှစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၅ လက်မခန့်သာ ကျန်ရှိသဖြင့် ၂ ပေ ၄ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ (Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိများကို တွေ့ဆုံအမှာစကားပြောကြား





ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ အရာရှိများကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရုံး၊ဌာန အသီးသီးမှ အရာရှိများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)က အမှာစကားပြော ကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည့် အရာရှိများကို တွေ့ဆုံရသည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

သမိုင်းကြောင်းအရ မိမိတို့နိုင်ငံကို အင်အားကြီး နယ်ချဲ့အင်္ဂလိပ်တို့က မတရားကျူးကျော်စစ်များ ဆင်နွှဲပြီး သိမ်းပိုက်ခဲ့သောကြောင့် တပ်မတော်နှင့် ပြည်သူ အတူတကွပူးပေါင်း၍ အချုပ် အခြာအာဏာပိုင်ဆိုင်ပြီး လွတ်လပ်ရေး ရရှိအောင် ပြန်လည်တွန်းလှန်တိုက်ထုတ် ခဲ့ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျ သည့်နေရာတွင်တည်ရှိပြီး နိုင်ငံရေးစနစ် အရ မတူကွဲပြားသည့် အင်အားကြီး နှစ်နိုင်ငံကြားတွင်တည်ရှိပြီး မဟာဗျူဟာ အရ အရေးပါသည့်အတွက် မိမိတို့နိုင်ငံကို ဩဇာလွှမ်းမိုးလိုသည့် နိုင်ငံများ ရှိကြောင်း။

လွတ်လပ်ရေး ရရှိပြီးချိန်မှစ၍ လက်နက်ကိုင်သောင်းကျန်းသူများသည် လူမျိုးရေး၊ အယူဝါဒရေး စသည်ဖြင့် နည်းလမ်းမျိုးစုံအကြောင်းပြပြီး နိုင်ငံတော် ပြိုကွဲစေရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်း လုပ်ဆောင်ခဲ့ကြကြောင်း၊ ထိုသို့ လုပ်ဆောင်ခဲ့မှုများကို မိမိတို့တပ်မတော် သားများအနေဖြင့် အခက်အခဲမျိုးစုံကြားမှ အသက်ကိုပဓာနမထားဘဲ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ရဲရဲဝံ့ဝံ့ဆောင်ရွက်ခဲ့ကြ ကြောင်း၊ လက်ရှိကာလတွင်လည်း မိမိတို့နိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှု များကိုကျော်လွှားနိုင်ရန် တပ်မတော် သည် အင်အားတောင့်တင်းခိုင်မာနေရန် လိုကြောင်း၊ တပ်မတော် အင်အားတောင့် တင်းခိုင်မာစေရန် တပ်မတော်သား တစ်ဦးချင်းစီက မိမိတို့တတ်ကျွမ်းသည့် နယ်ပယ်အလိုက် ကျွမ်းကျင်နေရန်လိုအပ် သကဲ့သို့ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်၍ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်သန်စွမ်းနေရန် လိုကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း ရုံး၊ဌာနအသီးသီး၌ တာဝန် ထမ်းဆောင်လျက်ရှိသော အရာရှိများ သည် စိတ်ဓာတ်စည်းကမ်းအရာ၌သော် လည်းကောင်း၊ အရည်အချင်းများအရ သော်လည်းကောင်း၊ ပြစ်မှုကင်းရှင်းပြီး စံပြဖြစ်သူများကိုသာ ရွေးချယ်တာဝန် ပေးအပ်ထားသူများဖြစ်ကြောင်း၊ ထို့ကြောင့် အရာရှိများအနေဖြင့် မိမိကိုယ်ကို တန်ဖိုး ထားပြီး ဂုဏ်ယူစွာဖြင့် တာဝန်ထမ်း ဆောင်ရန်လိုကြောင်း။

တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင် ရသူများပီပီ စစ်စည်းကမ်းအရာတွင် စံနမူနာပြဖြစ်ရန်လိုပြီး တပ်မတော်၏ ဂုဏ်သိက္ခာနှင့်ပုံရိပ်ကို ထိခိုက်စေသည့် ငွေကြေးလိမ်လည်မှု၊ အွန်လိုင်းလောင်း ကစားမှု၊ မူးယစ်ဆေးဝါးမှု၊ ကိုယ်ကျင့် တရား ဖောက်ဖျက်မှုတို့ကင်းရှင်းရန် လိုကြောင်း၊ မိမိ၏ပေါ့ဆမှုကြောင့် သတင်းအချက်အလက် လုံခြုံရေး ကျိုးပေါက်မှုမဖြစ်ရန် ဂရုပြုထိန်းသိမ်းရန် လိုကြောင်းနှင့် သတင်းလုံခြုံရေး ကျိုးပေါက်မှုစသည့် ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်မှုများကြောင့် ထိရောက် ပြင်းထန်စွာ အရေးယူဆောင်ရွက်ခဲ့ခြင်း များရှိကြောင်း၊ သို့ဖြစ်၍ အရာရှိများ အနေဖြင့် ထုတ်ပြန်ထားသည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာ စောင့်ထိန်းကြရန်နှင့် သစ္စာလေးချက်ကို နေ့စဉ်ရွတ်ဆိုနေသည့် တပ်မတော် သားများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်နှင့် နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ်များ ထားရှိမွေးမြူကြရန်လိုကြောင်း၊ ထို့ပြင် မိမိရုံးဌာနများရှိ လုပ်ဖော်ကိုင်ဖက် များကိုလည်း အသိပညာပြန့်ပွားရေး ဆက်လက် ပြောကြားပေးကြရမည် ဖြစ်ကြောင်း။

တပ်မတော်အရာရှိများဖြစ်သည်နှင့် အညီ ကိုယ်ကျင့်တရားကောင်းမွန်အောင် နေထိုင်ကျင့်ကြံသွားရန်လိုကြောင်း၊ မိမိ ကိုယ်တိုင်လည်း ကိုယ်ကျင့်တရား ကောင်းမွန်ရန်လိုအပ်သကဲ့သို့ မိမိ လက်အောက်ကိုလည်း ကိုယ်ကျင့်တရား ကောင်းမွန်သူများဖြစ်အောင် ထိန်းသိမ်း ကြပ်မတ်သွားရန်လိုကြောင်း၊ သို့မှသာ မိမိတာဝန်ယူရသည့် အဖွဲ့အစည်းကို တောင့်တည့်မှန်ကန်စွာ ကွပ်ကဲအုပ်ချုပ် နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏လုပ်ဖော် ကိုင်ဖက်များအပေါ် ညီအစ်ကိုမောင်နှမ စိတ်ဓာတ်များဖြင့် စောင့်ရှောက်ကာကွယ် ကြရန်လိုကြောင်း၊ ကိုယ်ကျင့်တရား ပျက်ပြားပါက တပ်တွင်းစည်းလုံးညီညွတ် ရေးကို ထိခိုက်စေမည်ဖြစ်သည့်အတွက် တပ်မတော်သားများအနေဖြင့် စစ်သည် ကောင်းတစ်ယောက်ပီသစွာ ကျင့်ကြံနေ ထိုင်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းခြင်းသည် မိမိတပ်ဖွဲ့၊ ဌာန၊ တပ်မတော်၏ဂုဏ်ကို ထိန်းသိမ်းခြင်း ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြဲ လမ်းညွှန်မှာကြားချက်ဖြစ်သည့် **သင့် လေးသင့်**ကို လိုက်နာဆောင်ရွက်သွားကြရ မည်ဖြစ်ကြောင်း၊ **သင့်လေးသင့်**ဆိုသည်မှာ သွားသင့်သည့် နေရာကိုသွားရန်၊ ပြောဆို သင့်သည့် စကားကိုသာ ပြောဆိုရန်၊ လုပ်သင့်သည့် အလုပ်ကိုသာလုပ်ရန်နှင့် ပေါင်းသင်းသင့်သည့်သူကိုသာ ပေါင်းသင်း သွားရန်တို့ပင်ဖြစ်ကြောင်း။

အရာရှိများအနေဖြင့်လည်း အနာဂတ် တွင် တပ်မတော်၏တာဝန်များကို ပခုံး ပြောင်းထမ်းဆောင်ကြမည့် ခေါင်းဆောင် များဖြစ်သည့်အတွက် မိမိကိုယ်ကိုတန်ဖိုး ထားလေးစားတတ်ပြီး ကိုယ်ကျင့်သိက္ခာ ကောင်းမွန်နေစေရန်၊ အရည်အချင်း ပြည့်ဝနေစေရန် လိုအပ်မည်ဖြစ်သော ကြောင့် နေ့စဉ်လူနေမှုဘဝများကိုလည်း စည်းကမ်းစနစ်တကျဖြင့် ကျင့်ကြံ နေထိုင်သွားကြရန်လိုကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် ကျန်းမာကြံ့ခိုင်ရန် အလွန်အရေးကြီး ကြောင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေရန် ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ် ဆောင်ရွက်နေရမည်ဖြစ်ပြီး ကျန်းမာရေး နှင့်ညီညွတ်စွာ နေထိုင်စားသောက် ကြရမည်ဖြစ်ကြောင်း၊ ကိုယ်ခန္ဓာကျန်းမာ ကြံ့ခိုင်မှသာ နေ့စဉ်ဆောင်ရွက်နေရသည့် လုပ်ငန်းတာဝန်များကို အောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

တပ်မတော်အရာရှိများဖြစ်သည်နှင့် အညီ နိုင်ငံ၏သမိုင်းကြောင်း၊ ပထဝီဝင် အနေအထား၊ တပ်မတော်၏သမိုင်း ကြောင်းများကိုသိရှိအောင် စာအုပ် စာစောင်များကို ဖတ်မှတ်လေ့လာမှတ် သားပြီး ဗဟုသုတဖြည့်ဆည်းရန် လိုကြောင်း၊ ထို့ပြင် မိမိတို့၏ Profes- sional လုပ်ငန်းတာဝန်များနှင့် ပတ်သက် သည့် စာအုပ်စာပေများကိုလည်း ဖတ်ရှု လေ့လာနေရန်လိုသကဲ့သို့ မိမိအတွက် အကျိုးဖြစ်စေမည့် စာအုပ်စာစောင် များကိုလည်း အားလပ်သည့်အချိန် များတွင် ဖတ်ရှုလေ့လာခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲမပြတ် ဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အထောက်အကူ ပြုမည်ဖြစ်ပြီး မိမိတို့ဖတ်မှတ်ထားသည် များကို လက်တွေ့အသုံးချခြင်းနှင့် ဝေမျှ ခြင်းများကိုလည်း ဆောင်ရွက်ရန် လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်း၊ အသုံးချခြင်း များမှတစ်ဆင့် အသိပညာများ ပိုမို အားကောင်းလာအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ သို့မှသာ အကျိုးအပြစ် များကိုဆင်ခြင်နိုင်ပြီး နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူလူထုအတွက် အားထားရမည့်သူများ ဖြစ်လာမည် ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် တပ်မတော်အရာရှိများ ဖြစ်ရန်အတွက် မှန်ကန်သော ယုံကြည် ချက်၊ ခံယူချက်များရှိရန်လိုကြောင်း၊ စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး အမှန်တရားကို ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ပညာများ တိုးပွားလာအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ စွန့်လွှတ် စွန့်စားသည့်စိတ်များဖြင့် တပ်မတော်၏ ဂုဏ်ကို စောင့်ထိန်းကာကွယ်ကြရန်လို ကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက် လာကြသည့် အရာရှိများသည် အနာဂတ် တွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် များစွာ အထောက်အကူဖြစ်စေမည့် ခေါင်းဆောင်များဖြစ်အောင် ကြိုးစား သွားကြရန်လိုကြောင်းဖြင့် ပြော ကြားသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း သည် တက်ရောက်လာကြသည့် အရာရှိ များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင်ရသူများပီပီ စစ်စည်းကမ်းအရာတွင် စံနမူနာပြ ဖြစ်ရန်လိုပြီး တပ်မတော်၏ ဂုဏ်သိက္ခာနှင့်ပုံရိပ်ကို ထိခိုက်စေသည့် ငွေကြေး လိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု၊ မူးယစ်ဆေးဝါးမှု၊ ကိုယ်ကျင့်တရား ဖောက်ဖျက်မှုတို့ ကင်းရှင်းရန်လို. . .**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်(လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများနှင့် စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများကို ဂုဏ်ပြုဆုချီးမြှင့်




ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား တစ်ဦးကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၄

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများနှင့် စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ ကျောင်းသား၊ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်၁၉ဦး၊တစ်ဘာသာဂုဏ်ထူးရှင် ၂၈ ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် စစ်သည် လေးဦးတို့ကို ကာကွယ်ရေး ဦးစီးချုပ်(လေ)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး စုပေါင်း အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၄

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ နှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)က စုစုပေါင်း ၃၃၀၈၄ ဦးတို့ကို အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့



**မန္တလေး စက်တင်ဘာ ၄**

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)က ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ်လထိ အလုပ်အကိုင် ၄၂ မျိုးတွင် ကျွမ်းကျင်မှု အဆင့်(၁) ၂၉၉၀၈ ဦး၊ အဆင့်(၂) ၃၁၅၁ ဦး၊ အဆင့်(၃) ၂၅ ဦး စုစုပေါင်း ၃၃၀၈၄ ဦးတို့ကို အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ ပေးအပ်နိုင်ခဲ့သည်။

လုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ အမျိုးသား အဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ် ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပပြီး အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်း အလုပ်အကိုင် လေးမျိုးအတွက် စစ်ဆေးအကဲဖြတ်ရာတွင် ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သည့် အရည်အသွေးပြည့်မီသူ ၂၂၇ ဦး၊ စစ်ဆေးအကဲဖြတ်သူ နှစ်ဦး၊ စစ်ဆေးအကဲဖြတ်ရေးဌာန နှစ်ခုတို့ကို အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

ထို့ပြင် အဆိုပါခန်းမ၌ ကျင်းပသည့် လုပ်ငန်းခွင် အေးချမ်းသာယာရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်နှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အမှန်တကယ်ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးပေးကြရန်၊ ဖြည့်ဆည်းပေးရန်လိုအပ်သည့်အချက်များကို ပွင့်ပွင့်လင်းလင်း အကောင်းဆုံးဆွေးနွေးအဖြေရှာပြီး သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ၏ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် တက်ရောက်လာကြသော အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များကို အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ၁၃၂ ကေဗွီ အနီးစခန်းပင်မဓာတ်အားခွဲရုံတွင် Protection Relay အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်၍ ဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၁၃၂ ကေဗွီ အနီးစခန်းပင်မဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းများနှင့် Transformer တို့ကို Protection စနစ် ပိုမိုကောင်းမွန်စေရန်အတွက် Relay လဲလှယ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၅ ရက်မှ ၇ ရက်ထိ အလှည့်ကျဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်၍ ပြင်ဦးလွင်မြို့ရှိ ရပ်ကွက်၊ ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ နေ့စဉ် အချိန် လေးနာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးကတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ကေဗွီ ၂၃၀ လှိုင်သာယာပင်မဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီဇုန် ၅ ဖီဒါ၏ ဓာတ်အားဖြတ်ခလုတ် ချိတ်ဆက်ကြိုးမှာ ကြိုးလွန်းပြတ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကြိုးအစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာမြို့နယ်၊ တွံတေးမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များ အချိန် သုံးနာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးများကတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို တွေ့ရစဉ်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ် အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီး ၁၂ သင်းစီဖြင့် စက်တင်ဘာ ၁၆ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၄-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၃ ~ ၃၆၆၅.၃ | ၅၁၇.၁ ~ ၅၁၇.၃ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၁,၆၀၅,၂၀၀.၂၅ | ၂,၄၉၉,၂၄၅.၇၁ | ၁၁,၃၃၉,၀၇၁.၅၅ | - |

**၂၀၂၆ ခုနှစ် စက်တင်ဘာ ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ


ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ရဲရင့်အောင် ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများ၏ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)ရှိခန်းမ၌ပြုလုပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ရဲရင့်အောင်နှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မတော် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိများ၊ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ရဲရင့်အောင်က တပ်မတော်ပညာရေးကျောင်းများ ပညာရည်တိုးတက်မြင့်မားရေးဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထိုက်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ကျောင်းနေအရွယ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း လူငယ်မောင်မယ်များကို ပညာသင်ယူမှုအခွင့်အလမ်းများ ဆုံးရှုံးမှုမရှိစေရေးအတွက် TC(ကျောင်းပြောင်းလက်မှတ်)များ ပျောက်ဆုံးခြင်း၊ ထုတ်မရခြင်း၊ ထောက်ခံစာမရရှိနိုင်ခြင်းစသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်း၍ အခြားကလေးများနည်းတူ ပညာဆက်လက်သင်ကြားနိုင်ရေး ပညာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အခြေခံပညာကျောင်းများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သော အဆောက်အအုံ၊ ရေ၊ မီး၊ မိလ္လာ၊ သင်ထောက်ကူပစ္စည်းများ၊ ရုံးသုံးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ကျောင်းဝန်ထမ်းများအနေဖြင့် ပုဂ္ဂိုလ်ရေးပိုင်းနှင့် သင်ကြားရေးပိုင်းဆိုင်ရာကိစ္စရပ်များတွင် အဆင်မပြေမှုများကြောင့် ကျောင်းဂုဏ်သိက္ခာထိခိုက်စေရန်ရည်ရွယ်၍ တာဝန်ဝတ္တရားပျက်ကွက်ခြင်း၊ စည်းကမ်းမလိုက်နာခြင်း၊ တရားမဝင်မီဒီယာများတွင် လုပ်ကြံသတင်းပေးခြင်းများကြောင့် မလိုလားအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များ ဖြစ်ပွားလျက်ရှိသောကြောင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအရ အရေးယူဆောင်ရွက်နိုင်မည့် လုပ်ထုံးလုပ်နည်းများ၊ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ကကူညီပံ့ပိုးပေးနိုင်ရန် ဆရာကိုင်သင်ကြားမှု အထောက်အကူပြုစနစ် ပြုလုပ်ရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် Grade-3 to Grade-12 သင်ခန်းစာများကို ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့သို့ ဖြန့်ဝေပေးလျက်ရှိရာ ပညာသင်နှစ်အလိုက် ပြောင်းလဲသည့် သင်ခန်းစာများကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရေး ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဆိုင်ရာဖြေဆိုနည်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို သိရှိနိုင်စေရေးအတွက် သက်ဆိုင်ရာတက္ကသိုလ်များရှိ ပါမောက္ခများက ရက်အနည်းငယ်အတွင်း အနီးကပ်သင်ကြားပို့ချခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူအများစုအနေဖြင့် အချိန်တိုအတွင်း နားလည်နိုင်မှုမရှိသဖြင့် ဖြည့်ဆည်းသင်ကြားပေးနိုင်ရေးအတွက် အထက်တန်းအဆင့်သင် ဆရာ၊ ဆရာမများကို သင်တန်းဖွင့်လှစ်ပို့ချသင်ကြားပေးစေခြင်းများ ဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိ အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ရဲရင့်အောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမကြီးများကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဥတ္တရသီရိမြို့နယ် တပ်ကုန်းမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု၊ အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်၊ စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

“စစ်သမိုင်းပြတိုက်ကို ပထမဆုံးအကြိမ် လာရောက်လေ့လာရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ပြီးတော့



ဗဟုသုတတွေ အများကြီးလဲရရှိပါတယ်။ ရှေးသမိုင်းအကြောင်းတွေ၊ ရှေးခေတ်က စစ်သားတွေအသုံးပြုခဲ့တဲ့ အသုံးအဆောင်ပစ္စည်းတွေ၊အစားအသောက်တွေ၊သင်္ဘောတွေ၊ လေယာဉ်ပျံတွေ အများကြီးကို လေ့လာခဲ့ရပါတယ်။ ဒီနေ့လို လာရောက်ရတဲ့အတွက် အများကြီးလဲ ကြည်နူးပီတိဖြစ်မိပါတယ်”ဟု ပြောသည်။

“စစ်သမိုင်းပြတိုက်မှာ ရှေးခေတ်အတိတ်ကဖြစ်ခဲ့တဲ့ စစ်ပွဲတွေရဲ့ စစ်လက်နက်ပစ္စည်းတွေ၊ ပြီးသွားရင် လေယာဉ်တွေ၊ ပြီးရင် သင်္ဘောတွေ၊ ပြီးတော့ စစ်သားတွေ ဝတ်ဆင်ခဲ့တဲ့ အဝတ်အစားဆင်ယင်ပုံတွေနဲ့ အစား



အစာတွေကို သိရှိလေ့လာခဲ့ရပါတယ်။ အခုလိုမျိုး စစ်သမိုင်းပြတိုက်ကို ပထမဦးဆုံးလေ့လာရတဲ့အတွက် ဗဟုသုတတွေလဲ အများကြီးရတယ်။ ပြီးတော့ သူငယ်ချင်းတွေနဲ့ လာရောက်လေ့လာရတာဖြစ်တဲ့အတွက် အရမ်းလဲပျော်ရွှင်မိပါတယ်။ အခုလိုမျိုး စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရအောင် စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေနဲ့ ကျောင်းအုပ်ဆရာမကြီးရယ်၊ ပြီးသွားရင် ဆရာ၊ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

“ဟိုတုန်းကဆိုရင် ကျွန်မတို့က စာတွေ့ပဲ လေ့လာခွင့်ရှိတာလေ။ အခုက



ကျတော့ လက်တွေ့ လေ့လာခွင့်ရတော့ ကလေးတွေလဲ စိတ်ဝင်တစားရှိကြပါတယ်။ ကလေးတွေလဲပျော်ကြတယ်။ ဗဟုသုတတွေလဲ အများကြီးရတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်မက ဆရာ၊ ဆရာမတွေကိုယ်စား၊ ကျောင်းသား၊ ကျောင်းသူတွေကိုယ်စား ကျေးဇူးအများကြီးတင်တဲ့ အကြောင်းကို ပြောလိုပါတယ်”ဟု ပြောသည်။ (၅၀၁)

# မြန်မာလွှတ်တော်ကိုယ်စားလှယ်များ အိန္ဒိယနိုင်ငံ ပါလီမန်၌ကျင်းပသည့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် ပါဝင်တက်ရောက်လျက်ရှိ



နေပြည်တော် စက်တင်ဘာ ၄

မြန်မာ-အိန္ဒိယ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးချစ်ဆွေ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ အထောက်အကူပြု ဝန်ထမ်းများပါဝင်သော မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ ပါလီမန်၌ စက်တင်ဘာ ၁ ရက်မှ ၈ ရက် ထိကျင်းပသည့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် "Capacity Development Programme" သို့ ပါဝင်တက်ရောက်လျက်ရှိသည်။

ထိုသို့ တက်ရောက်နေစဉ်အတွင်း မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံရေးနှင့် အုပ်ချုပ်ရေးတွင် ပါလီမန်၏ အခန်းကဏ္ဍနှင့် ဥပဒေပြုရေး၊ ကော်မတီစနစ်များ၊ ဘဏ္ဍာရေးဆိုင်ရာ ကော်မတီများ၊ မိမိမဲဆန္ဒနယ်မြေများတွင် စီမံခန့်ခွဲမှု၊ ပြည်နယ်ဥပဒေပြုအပါအဝင် အဖွဲ့အစည်းများနှင့် ဆက်သွယ်ရေးနှင့် ပါလီမန်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေး MPLADS ယန္တရားနှင့် လွှတ်တော် အခွင့်အရေးဆိုင်ရာ အကြောင်းအရာများနှင့်စပ်လျဉ်းသည့် မျှဝေဆွေးနွေးခြင်း အစီအစဉ်များတွင် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် Parliament house ၌ အိန္ဒိယအောက်လွှတ်တော် Lok Sabha ဥက္ကဋ္ဌ Mr. Shri Om Birla နှင့် သွားရောက်တွေ့ဆုံဆွေးနွေးပြီး ပါလီမန်အဆောက်အအုံများ၊ စာကြည့်တိုက်၊ အနုပညာပြတိုက်တို့ကိုလည်း သွားရောက်လေ့လာကြသည်။

ထိုသို့ လေ့လာရေးခရီးစဉ်သွားရောက်ခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်များ ပိုမိုမြင့်မားတိုးတက်လာပြီး လွှတ်တော်လုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ **ဥပဒေဘောင်အတွင်းဝင်ရောက်မှု**

အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာအားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်း များကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ကြပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် အမ်-၁၆ သေနတ် တစ်လက်၊ ကာဘိုင်သေနတ် နှစ်လက်၊ ၉ မမပစ္စတိုသေနတ် လေးလက်၊ ပွိုင့်-၃၈ ပစ္စတိုသေနတ် တစ်လက်၊ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ လက်ပစ်ဗုံး လေးလုံး၊ လမ်းလျှောက်စကားပြောစက် သုံးလုံး၊ ကျည်အိမ်ခြောက်ခုနှင့် ကျည်မျိုးစုံ ၆၆ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သုံးလက်အတွက် ငွေကျပ် သိန်း ၁၅၀၊ လက်လုပ်သေနတ် တစ်လက်အတွက် ငွေကျပ် ငါးသိန်း၊ ပစ္စတိုသေနတ် ငါးလက်အတွက် ငွေကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံး လေးလုံးအတွက် ငွေကျပ် ၁၂ သိန်း၊ လမ်းလျှောက်စကားပြောစက် သုံးလုံးအတွက် ငွေကျပ် ခြောက်သိန်း စုစုပေါင်း ငွေကျပ် ၂၇၃ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ၁၇ ဦးအတွက် ဆုကြေးငွေများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ အမျိုးသား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်မှ အမျိုးသမီး တစ်ဦး၊ မှော်ဘီမြို့နယ်မှ အမျိုးသား တစ်ဦး၊ လှိုင်သာယာမြို့နယ်မှ အမျိုးသား တစ်ဦး၊ မိချောင်းအိုင်ရွာသစ်မှ အမျိုးသား တစ်ဦး၊ မြောက်ဒဂုံမြို့နယ်မှ အမျိုးသား တစ်ဦး၊ ကျောက်တန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မှ အမျိုးသား တစ်ဦး၊ ဝေါမြို့နယ်မှ အမျိုးသား တစ်ဦး၊ သနပ်ပင်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်မှ အမျိုးသား တစ်ဦး၊ ကရင်ပြည်နယ် ကျုံဒိုးမြို့နယ်မှ အမျိုးသား တစ်ဦး၊ မြဝတီမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ရေဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့မှ အမျိုးသား နှစ်ဦး စုစုပေါင်း ၁၇ ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

■ **ဂုဏ်ပြုကြိုဆိုမှု**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဆရာတော်၊ သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

❑ **ညောင်တုန်းမြို့နယ်မှ**

မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ မြစ်ကမ်းပါးရေတိုက်စားမှုဒဏ်ကာကွယ်ရန်နှင့် ကမ်းပါးမြေမပြိုကျစေရန် ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သည့် ဝါးကရစ်ကွက်ရိုက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုကာကွယ်ရန် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။




**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Mr. Daddy Hot Pot & Grill ဟော့ပေါ့ဆိုင်၌ ဆိုင်ရှင်ကိုဓားဖြင့်ထိုး၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား လေးဦး သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Mr. Daddy Hot Pot & Grill ဟော့ပေါ့ဆိုင်၌ ဆိုင်ရှင်ကိုဓားဖြင့်ထိုး၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား လေးဦး သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Mr. Daddy Hot Pot & Grill ဟော့ပေါ့ဆိုင်၌ စက်တင်ဘာ ၂ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ဆိုင်ရှင်ဖြစ်သူ ဒေါ်ဖြိုးဇာလတ် ၃၁ နှစ်သည် ဆိုင်ဝန်ထမ်းများနှင့်အတူ ဆိုင်သိမ်းနေစဉ် MASK တပ်ထားသည့် အမျိုးသား လေးဦး ဆိုင်အတွင်းဝင်ရောက်လာပြီး ဓားဖြင့် ခြိမ်းခြောက်၍ Iphone 16 pro အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ Redmi Note 7 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ Oppo အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ ငွေကျပ် ၁၀ သိန်းခန့်နှင့် အသုံးအဆောင်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၉ သိန်းခန့်ကို လုယက်ယူဆောင်ကာ ဆိုင်ရှင်ဖြစ်သူ ဒေါ်ဖြိုးဇာလတ်ကို ဓားဖြင့်ထိုး၍ ထွက်ပြေးသွားခဲ့သဖြင့် ဒေါ်ဖြိုးဇာလတ်တွင် ထိုးသွင်းဒဏ်ရာ သုံးချက်ရရှိခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဘုရင့်နောင်နယ်မြေရဲစခန်းက (ပ)၁၉၅/၂၀၂၆ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုရေးဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများကို ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ် မှတ်တမ်းများ စစ်ဆေးဆောင်ရွက်ခြင်း၊ နယ်မြေသတင်း ရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ပြစ်မှုကျူးလွန်သူတရားခံ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ မြို့သစ် အမှတ်(၁၁) ရပ်ကွက်နေ ဆိုင်မွန်စွန်ကျဲထန်း ၂၉ နှစ်ကို အဆိုပါရပ်ကွက် ကျန်စစ်သားလမ်းနှင့်ကောင်းဓမ္မာရုံလမ်းထောင့်၌လည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ တရားခံ ခန့်လင်းထွဋ် ၃၂ နှစ်၊ အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်နေ တရားခံ ထက်အောင် ခေါ် ဖိုးဂျိမ်း ၂၈ နှစ်တို့ နှစ်ဦးကို အမှတ်(၁၁)ရပ်ကွက်ရှိ ပုဂံလမ်းမပေါ်၌ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် အရိုးအသွား ၁၀ လက်မခန့်ရှိ ဆန်ထိုးပိုက် တစ်ချောင်းနှင့် လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် Oppo အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံးတို့ဖြင့် လည်းကောင်း၊ အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်နေ အေးမျိုးကျော် ခေါ် ပါကညော ၂၃ နှစ်ကို ၎င်း၏နေအိမ်၌ လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဆိုင်မွန်စွန်ကျဲထန်း၊ ခန့်လင်းထွဋ်၊ ထက်အောင် ခေါ် ဖိုးဂျိမ်း၊ အေးမျိုးကျော် ခေါ် ပါကညောတို့ လေးဦးကိုစစ်ဆေးခဲ့ရာ ၎င်းတို့သည် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ “သီတာရေစင်” အအေးခန်းဧည့်ရိပ်သာ၌ ရောက်ရှိတည်းခိုနေထိုင်ခဲ့ကြပြီး ငွေကြေးလိုအပ်ချက်အရ အမှတ်(၁)ရပ်ကွက် အလောင်းဘုရားလမ်းရှိ Mr.Daddy Hot Pot & Grill ဟော့ပေါ့ဆိုင်ကို ဝင်ရောက်လုယက်ရန် တိုင်ပင်ခဲ့ကြကြောင်း၊ ထို့နောက် ညပိုင်းဟော့ပေါ့ဆိုင်သိမ်းချိန်တွင် သွားရောက်ခဲ့ကြပြီး ဆိုင်ရှင်နှင့် ဝန်ထမ်းများကို အသင့်ပါလာသော ဆန်ထိုးပိုက်ဖြင့်ခြိမ်းခြောက်၍ ထက်အောင် ခေါ် ဖိုးဂျိမ်းက ဆိုင်ရှင်အမျိုးသမီးကို ဆန်ထိုးပိုက်ဖြင့် သုံးချက်ထိုး၍ လက်ကိုင်ဖုန်း သုံးလုံးနှင့် ငွေကျပ် ၁၀ သိန်းကို လုယက် ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်တွင် မရမ်းကုန်းမြို့နယ်ရှိ Mr. Daddy Hot Pot & Grill ဟော့ပေါ့ဆိုင်၌ ဆိုင်ရှင်ကို ဓားဖြင့်ထိုး၍ လုယက်ခဲ့သူ တရားခံ ထက်အောင် ခေါ် ဖိုးဂျိမ်းပါ အမျိုးသား လေးဦးကို လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် Oppo အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများ ဆက်လက်သိမ်းဆည်းနိုင်ရေးနှင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

---

## ◆ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ

ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား ပြိုင်ပွဲကိုယနေ့တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာန အသင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ် ဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်း ကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်းက သာသနာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသင်း က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း ကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ကာကွယ် ရေးဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ် ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနအသင်းက ပြန်ကြားရေးဝန်ကြီး ဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ပထမအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာန အသင်း က ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ် ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်း ကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်းက တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ် ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ ပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အသင်း ကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန



အသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

စက်တင်ဘာ ၅ ရက်**(ယနေ့)**နံနက် ၁၀ နာရီမှစတင်၍ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် များအဖြစ် အားကစားရေးရာဝန်ကြီး ဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းနှင့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ် များအပြီးတွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ကစားသွားမည် ဖြစ်ကာ အားကစားဝါသနာရှင် မိဘ ပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❍ နေရာကွက်၍ မိုးကြီးနိုင်မှ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီ လျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်း ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်း နှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီး ခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

---

## ထူးခြားသည့် နေ့အပူချိန်များ

(၄-၉-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# အတ္တအမှောင်ထဲမှာ

မင်းလပြည့်(ဟားခါး)



(၁)

သံချောင်းနှစ်ချောင်း တီးခတ်နေသည့်အလား နားထဲကြားနေရသည်။ တကယ်ဖြစ်နေသလိုလို ၊ အိပ်မက်လိုလို ကိုဘကျော် နားမလည်နိုင်အောင် ဖြစ်နေသည်။ သေချာစွာနားထောင်ကြည့်မှ သူ့စာအုပ်စင်အောက်တွင် မွေးနေသော ကြွက်သားအုပ်မ အသံများဖြစ်နေသည်။ ကိုဘကျော် အော်ငေါက်လိုက်ချင်ပေမဲ့ အိပ်ပြီဆိုလျှင် နိုးမှတန်းထတတ်သောသူ အကျင့်ကြောင့် သည်းခံ၍ဆက်အိပ်သည်။

ကိုဘကျော်က တစ်ကိုယ်တည်း လူပျိုကြီးဖြစ်သည်။ အဖေ၊ အမေက အရက်သေစာ မသောက်စားရန်မှာပေမဲ့ ကိုဘကျော်က အရက်ကိုခုံမင်သည်။ ပုံမှန်သောက်လေ့ရှိသည်။ ညကလည်းအိပ်ရာဝင်နောက်ကျသည်။ ရာသီဥတုပူပြင်း၍ တစ်နေကုန်ဆံပင်ညှပ်ကာ အသက်မွေးဝမ်းကျောင်းပြုနေသော သူ့အဖို့ အပန်းဖြေနားရန်သင့်ပေပြီ။

ညကသူကြိုက်သော တွံတေးသိန်းတန်သီချင်းကို တစ်ပုဒ်ပြီးတစ်ပုဒ်နားထောင်ခဲ့သည်။ ဘေးအိမ်တွေက ညအချိန်အိပ်ကြသော်လည်း ကိုဘကျော် ဂရုမစိုက်၊ သူဇိမ်ခံရသော အချိန်သည် ညဆိုသော အချိန်တိုအတွင်းသာဖြစ်သည်။ သူနေထိုင်ရာကား မြို့အစွန်ရှိ အများနေထိုင်ရာ စုပေါင်းအိမ်ရာဖြစ်သည်။ စုပေါင်းအိမ်ရာဆိုသည်ထက် မိသားစုများ နေထိုင်သော တိုက်ခန်းများဖြစ်သည်။ ပုဂ္ဂလိက အိမ်ရာဖြစ်သည်။

သူငယ်ချင်း၏ ဆံပင်ညှပ်ဆိုင်တွင် ဆံပင်ညှပ်သင်ခဲ့သည်။ လူကတော့ရွာမှာနေသည့်အတိုင်း စကားပြောလျှင် ခပ်ပြတ်ပြတ်၊ တုတ်ထိုးအိုးပေါက် ပြောတတ်သည့်အကျင့်ကမပျောက်၊ သူငယ်ချင်းအချို့က "လူကန့်လန့်"ဟု ပြောပေမဲ့ ကိုဘကျော် ဂရုမစိုက်။

"မောင်လေးဘကျော်၊ နင်လဲဆံပင်ညှပ်တတ်ပြီဆိုတော့ကိုယ်ပိုင်ဆိုင်ဆောက်ပြီး ဆံပင်ညှပ်ပေါ့၊" အစ်မကြီး ဒေါ်သိုင်းခြုံက အကြံပေးသောကြောင့် မြရည်ချမ်းသာတွင်ရှိသော အစ်မဖြစ်သူ ဒေါ်သိုင်းခြုံ အိမ်တွင် ဆံပင်ညှပ်ဆိုင်ဖွင့်ထားသည်။

ကြွက်တွေရှိခြင်းကသူ၏တစ်ဦးထဲသော ကမ္ဘာကို ဖျက်ဆီးခြင်းပင်ဖြစ်သည်။ ကြွက်တွေရောက်လာခြင်းမှာလည်း သူ့ကြောင့်ဖြစ်သည်။ သူ့စားပွဲပေါ်တွင် ညကစားထားသည့် စားကြွင်းစားကျန်များ၊ ကြက်သွန်နီအခွံများ၊ သစ်သီးခွံများကလည်း အနှံ့အပြားရှိနေသည်။ သည်လိုရှုပ်ခြင်းကား ကြွက်များကိုဖိတ်ခေါ်ခြင်းနှင့် တူနေသည်။

"သည်ကြွက်တွေနဲ့တော့ မဖြစ်ပါဘူး"

ကိုဘကျော်က စားကြွင်းစားကျန်များ၊ အမှိုက်များသိမ်းထည့်ကာ ပလတ်စတစ်အိတ်နှင့် ဆင်းလာခဲ့သည်။ အမှိုက်ထုပ်ကိုင်၍ဆင်းလာသော ကိုဘကျော်ကို အိမ်အောက်ထပ်ရှိ ဦးကံတင့်တို့ မိသားစုက လှမ်းကြည့်နေသည်။ ကိုဘကျော်က ဈေးထဲမှ ကောက်လာသော တိုက်ရှေ့ရှိခြင်းတောင်း အစုတ်ထဲသို့ အမှိုက်များထည့်ကာ ဆံပင်ညှပ်ဆိုင်သို့ထွက်သွားခဲ့သည်။ ဦးကံတင့်မိသားစုကတော့ ကိုဘကျော်၏ လုပ်ရပ်ကိုကြည့်ကာ ပြုံးစူပြောနေသည်။

"သည်လူကတော့ကွာ၊ လူပျိုကြီးလို့မပြောရဘူး၊ အသိခေါက်ခက် အဝင်နက်တဲ့သူပဲ၊ လမ်းထိပ်မှာ အမှိုက်ပုံးရှိရဲ့သားနဲ့၊ ဆံပင်ညှပ်ဆိုင်သွားရင်း တစ်ခါထဲ အမှိုက်ပစ်လို့ရတာပဲ၊ ခုတော့ တိုက်ရှေ့ကခြင်းတောင်းစုတ်ထဲထည့်ထားတော့ ညကျရင်ခွေးတွေကစား၊ အစာလုရင်းကိုက်ကြ၊ လူတွေလဲအိပ်မရ၊ ပြီးရင် အမှိုက်တွေက လေထဲကိုလွင့်ပြီးပတ်ဝန်းကျင်လဲ ညစ်ပတ်တယ်မဟုတ်လား။"

ဦးကံတင့်က ဇနီးဖြစ်သူ ဒေါ်ထားကြည်ကို ညည်းတွားရင်းပြောနေမိသည်။

"လောကမှာ မရှိတာထက် မသိတာပိုခက်တယ်တဲ့၊ လူဖြစ်ပြီးအသက်သာကြီးတာ အချိန်မစီးသူတွေ အများကြီး၊ လူ့လောကရဲ့အမှိုက်တွေပေါ့။ ဟိုတစ်ခါကလဲ ကလေးငယ်တွေဘောလုံးကန်တာ သူ့ကိုမှန်လို့ ကလေးကိုသွားတွန်းလိုက်တာ၊ ကလေးခေါင်းပေါက်သွားလို့ တုတ်တွေ၊ဓားတွေကိုင်လို့ ရပ်ကွက်က မနည်းဆွဲရတယ်မဟုတ်လား"

"ဟုတ်တယ်၊ ငါလဲအမှိုက်ကန်မှာ အမှိုက်ပစ်ဖို့ပြောတာ "မပစ်ဖူး"ဆိုလို့ စကားများရသေးတယ်။ တောင်ကန့်လန့်၊ မြစ်ကန့်လန့်၊ လူကန့်လန့်တဲ့"

"ကဲရှင်လဲ သည်းခံစိတ်ထား၊ တစ်နေ့တော့ သူ့အမှား တွေ့လာမှာပါ၊ သည်တိုက်မှာ နေတဲ့လူတွေအားလုံးက စိတ်ကောင်းရှိကြသူတွေ၊ ဆရာဝန်တွေ အင်ဂျင်နီယာတွေ၊ ရုံးကအရာရှိဝန်ထမ်းတွေနေကြတာ။ လူဆိုတာ အသိုက်အဝန်းနဲ့နေကြတာ၊ လိုက်လျောညီထွေပေါင်းသင်းတတ်ရမှာပေါ့"

ဦးကံတင့်နှင့် ဒေါ်ထားကြည်တို့ စကားပြောနေစဉ်အိမ်ပေါ်ထပ်မှ ဒေါက်တာရဲမြင့်တို့ မိသားစုကလဲ ဆင်းလာကာနှုတ်ဆက်ကြသည်။ ဒေါက်တာရဲမြင့် အခန်းရှေ့တွင် ဆံပင်ညှပ်ဆရာ ကိုဘကျော် နေသည်။ ဦးကံတင့်မှာ အငြိမ်းစားဝန်ထမ်းဟောင်း ဖြစ်ပြီး စည်းကမ်းရှိသူဖြစ်သည်။

(၂)

ကိုဘကျော်တစ်ယောက်စနေနေ့တွင် လူကျနေ၍မပြန်ဖြစ်သေး၊ မမျှော်လင့်ပဲ မိုးသံကိုကြားလိုက်ရသည်။ ဆံပင်ညှပ်သူသုံးဦးသာကျန်သေး၍ ဆက်ညှပ်နေသည်။ ကိုဘကျော်က ဆံပင်ညှပ်ပုံကောင်း၍ လူအများကြိုက်ကြသည်။ ကလေးအစလူငယ်၊ လူကြီး၊ လူလတ်၊ အဘိုးအိုထိပါညှပ်ကြသည်။ သည်နေ့ဝင်ငွေအတော်ရလိုက်သည်။

"ဦးလေး..မြန်မြန်လေး ညှပ်ပေးပါ။ မိုးမိမှာစိုးလို့"

"မိုးမိမှာစိုးရင် ငါ့ဆီဘာလို့လာညှပ်တာလဲ၊ မညှပ်ချင်ခုဆင်း၊ တခြားနေရာညှပ်လိုက်တော့" ကိုဘကျော် ဘုတော၍ လူငယ်မှာ ရီရမလို၊ ငိုရမလို ဖြစ်နေသည်။

"သည်ပုံနဲ့ အိမ်ပြန်လို့မဖြစ်ဘူး။ ဦးလေးသဘောအတိုင်း ဆက်ညှပ်ပေးပါ" လူငယ်က ပြန်တောင်းပန်မှ ကိုဘကျော်စိတ်ဆိုးပြေသည်။

ဆံပင်ညှပ်ပြီးနောက် ကိုဘကျော်ပြန်ရန်ပြင်သည်။ မိုးကရွာလာသော်လည်း သဲကြီးမဲကြီး မရွာသေး၊ လူကြုံလည်းမရှိ၍ လမ်းအတိုင်းပြန်သည်။။ လမ်းပေါ်တွင် ရေများစီးဆင်းနေသည်။ ရေပေါ်တွင် ပလတ်စတစ်ဘူးခွံများ၊ ဖော့ဘူးခွံများ၊ ရေဘူးခွံများ က လှေ၊ စက်လှေများနှယ် စီးမျောနေသည်။ တိုက်ရှေ့တွင် ပုံထားသော အမှိုက်အိတ်ထဲမှ ပစ္စည်းများလည်း ဖြစ်နေသည်ကို တွေ့လိုက်ရ၍ တွန့်သွားသည်။

"လူတွေက စည်းကမ်းမရှိဘူး၊ အမှိုက်ကန်ထဲ အမှိုက်မထည့်ပဲ၊ ရေမြောင်းထဲပစ်တော့ ရေမြောင်းပါပိတ်ပြီပေါ့၊ သန့်ရှင်းရေးဝန်ထမ်းတွေဘယ်လောက်များများ စည်းကမ်းမရှိသူတွေရှိနေသရွေ့ ညစ်ပတ်နေမှာပဲ" အမျိုးသမီးကြီးတစ်ယောက်က လမ်းလျှောက်ရင်းပြောနေသော အသံကြားရသည်။

ကိုဘကျော်ပြန်စဉ်းစားရင်းရှက်နေသည်။ သူလည်းစည်းကမ်းမရှိသူထဲပါနေပြီဖြစ်၍ နောင်တရနေသည်။ မိုးကဖွဲဖွဲရွာနေရာမှ မိုးသည်းလာသည်။ လူတွေကလည်း အိမ်သို့အလုအယက်ပြန်ကြသည်။ ကိုဘကျော်ကိုသိပေမဲ့ ထီးမဆောင်းပေးကြ။

ရေကဒူးဆစ်ထိရောက်လာသည်။ တိုက်ပေါ်အတက်တွင် ချမ်းစိမ့်လာသည်။ ညကလည်း ဖုန်းကြည့်နေမိ၍ အိပ်ရာဝင်နောက်ကျခဲ့ရသည်။

အခန်းထဲရောက်သည်နှင့် မောပန်းပြီး အိပ်ရာဝင်သည်။ ကြာလာသည်နှင့်ဖျားပြီး ခေါင်းကမခံမရပ်နိုင်အောင် မူးဝေလာသည်။ ပါရာစီတမော၊ဒီကိုဂျင်၊ ဘာစပရို၊ အကိုက်အခဲပျောက်ဆေး၊ အဖျားပျောက်ဆေးများဝယ်ထားရန် သတိရလာသည်။

" အော်..ဒါကြောင့်၊ ဗုဒ္ဓမြတ်စွာဘုရားက သတိကိုအမြဲရှိဖို့ဟောခဲ့တာကိုး၊ငါ့မှာ သတိ မရှိတော့ ၊ငါ အခက်အခဲတွေ့ပြီ"

ကိုဘကျော် သတိရလာပြီး အိမ်ရှေ့က ဆရာဝန် ဒေါက်တာရဲမြင့်အခန်းကို ဆေးအကူအညီတောင်းရန်တံခါးသွားခေါက်သည်။ မိုးသံလေသံကြောင့် မကြားဟန်ရှိသည်။ တံခါးပွင့်မလာ။ အမှိုက်သန့်ရှင်းရေးကိစ္စ၊ လူမှုရေးခေါင်းပါးမှုများကြောင့် တစ်တိုက်လုံးနှင့် သူမတည့်ခဲ့လား သူမသိ။ အရာရာတွင် ကိုဘကျော်တစ်ယောက် မပတ်သက်ခဲ့။

စကားပြောလျှင်လည်း အပျက်ဘက်က တွေး၍ ပြောလေ့ရှိသော ကိုဘကျော် တစ်ယောက်ကား လူများပြောသလို ကန့်လန့်လူဖြစ်နေပြီလား တွေးလာမိသည်။

အော်ခေါ်တံခါးခေါက်ပေမဲ့လည်း တံခါးပွင့်မလာ။ သူလိုချင်သည်က ဖျားနာအကိုက်အခဲပျောက်ဆေးတစ်လုံးသာ တောင်းရန်ဖြစ်သည်။ စိတ်ပျက်လက်ပျက်ဖြင့် အိပ်ရာပေါ်လှဲစဉ် အိမ်ရှေ့မှတံခါးခေါက်သံဖြစ်နေသည်။ကိုဘကျော်ဖွင့်ကြည့်လိုက်တော့ ဆရာဝန် ဒေါက်တာရဲမြင့်နှင့်ဇနီးမောင်နှံကိုတွေ့ရသည်။

" အိမ်ကိုတံခါးခေါက်သေးလား"

"တံခါးခေါက်တယ်။ နေမကောင်းလို့ ဆေးလာတောင်းတာပါ"

ဒေါက်တာရဲမြင့်က ကိုယ်အပူချိန်တိုင်းသည်။ ပြီးလျှင် သောက်ရန် ဆေးများပေးသည်။ ကိုဘကျော် ကျေးဇူးအလွန်တင်မိသည်။

" ကျေးဇူးပါပဲ ဒေါက်တာ၊ကျွန်တော်မိုးမိပြီးဖျားနေတာ"

"အိမ်နီးနားချင်းတွေပဲ၊ကူညီရမှာပေါ့"

ဆရာဝန်လင်မယားပြန်သွားပြီး ကိုဘကျော် ချက်ချင်း အိပ်မပျော်သေး။"

ငါးသည် ဦးခေါင်းမှနေ၍ပုပ်စော်နံသည်တဲ့"

သူဖတ်ဖူးသော ရှုရှားစကားပုံကိုသတိရလာသည်။ သည်တိုက်တွင် အတူနေကြစဉ် ကိုဘကျော် အများနှင့်ပတ်သက်သော အလုပ်များကို ဘာတစ်ခုမှ ပါဝင်ပေးခြင်း၊ ကူညီပေးခြင်းမရှိခဲ့။ ကိုဘကျော် နှလုံးသားက ယိမ်းယိုင်စပြုလာသည်။ ငါတကောကောနေ၍မဖြစ် လိုက်လျောညီထွေနေရန် ဆုံးဖြတ်လိုက်သည်။

နောက်ရက်တွင် နေကောင်းစပြုပေမဲ့ မိုးရေထိ၍ ကိုက်ခဲကာ လူနုံးနေသည်။

"ကလင်...ကလင်...ကလင် "

တယ်လီဖုန်းကိုင်၍ မေးလိုက်မှ ရဲစခန်းတွင် တိုင်စာတစ်စောင်ရောက်နေ၍ရဲစခန်းသို့ခဏလာရန် လှမ်းပြောသည်။

ကိုဘကျော်တစ်ယောက် အတော်စိတ်လှုပ်ရှားသွားသည်။ သူ့ကို ရပ်ကွက်လူတွေ ဘာများတိုင်လည်း သိချင်သည်။ သူကညအချိန်ထမင်း ချက်စားသည်။ ဆီသတ်ကြော်လှော်သည်။ တစ်ခါတစ်ရံ ငရုတ်သီးလှော်၍ ဘေးအိမ်များနှာမွန်ကြသည်။

ကိုဘကျော်က ဂရုမစိုက်သလို၊ အလိုက်ကမ်းဆိုးလည်းမသိခဲ့။ ဘယ်သူကတိုင်တာလဲ သူသိချင်သည်။ သူ့ကိုတိုင်သူကို သိလျှင်ရန်လုပ်မည်ဟု အကြံဆိုးက ပေါ်လာသေးသည်။

ကိုဘကျော်ရဲစခန်းထဲသွားသည်။ ရဲစခန်းထဲတွင်

စာမျက်နှာ ၂၇ သို့ á

# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၀၁၀၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၀၁၀၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ နေကြာ ၂၀၁၀၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှစတင်၍ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကောလင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ကောလင်းခရိုင်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်မည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၂၆ မှအဆက်

သူ့အသိများဖြစ်သော ဆံပင်လာညှပ်သူဖောက်သည် မောင်ထူးနှင့် ကိုမြင့်တို့ဖြစ်နေသည်။ ခေါ်သည့်ကိစ္စကသူတို့နှစ်ဦး၏ မြေအရောင်းအဝယ်ကိစ္စတွင် ကိုဘကျော်လည်းသိကြောင်း သက်သေအဖြစ် မောင်ထူးက တိုင်စာတွင်ရေးထား၍ဖြစ်သည်။

ကိုဘကျော်က သူ့ရပ်ကွက်မှတိုင်သည်ဟုထင်သော်လည်း မထင်မှတ်သောဖြစ်ရပ်ကြောင့် ကိုဘကျော်အံ့သြသွားသည်။ ရပ်ကွက်ထဲက လူတွေက သူ့ကိုမမုန်း၊ သူကသာ ရပ်ကွက်ထဲက လူအချို့ကို အမြင်မှားနေခြင်းဖြစ်သည်။ သူ့အမှားများသိလာသည်။

သူကား အမှိုက်များကို အမှိုက်ပုံးထဲသို့မပို့၊ စားကြွင်းစားကျန်များကို တိုက်ရှေ့တွင်ထားခဲ့သည်။ ညလူအများအိပ်ချိန်တွင် ကြော်လှော်ချက်ပြုတ်သည်။ လူအိပ်ချိန်တွင် သူကြိုက်သော တွံတေးသိန်းတန်သီချင်းများကို ဖွင့်နားထောင်သည်။ အများအကျိုးနှင့်ပတ်သက်၍ ပူးပေါင်းခြင်းမရှိသူဖြစ်သည်။

ကိုဘကျော် ရဲစခန်းမှပြန်အလာတွင် နေမကောင်းသေး၍ ခေါင်းနောက်ကျိုကျိုဖြစ်နေသည်။ ခေါင်းမူးနေ၍ လက်ဖက်ရည်ဆိုင်တွင် ဝင်ကာ ဆေးသောက်ပြီး နားနေသည်။

" ကိုဘကျော်ကြီး ဆံပင်ညှပ်ဆိုင်မဖွင့်ဘူးလားဗျ"

သူ၏ဖောက်သည်တစ်ယောက်ကလှမ်းမေးသည်။ ကိုဘကျော်က စကားပြောလျှင် နှုတ်ကြမ်းသော်လည်း လက်ရာကောင်း၍ ဆံပင်ညှပ်သူများသည်။ ကိုဘကျော်က လက်ထောင်ပြကာ ဆက်ထိုင်သည်။ ကိုဘကျော် ပြန်ရန်ပြင်စဉ် မထင်မှတ်ဘဲ မိုးရွာချသည်။

မိုးက မပြတ်ရွာနေသည်။ လက်ဖက်ရည်ဆိုင်ထဲတွင်သူလိုပြန်မည့်သူများ မိုးတိတ်ရန်စောင့်ဆိုင်းနေသည်။ ကိုဘကျော်တွင် ထီးပါမလာ။ ညနေစောင်းသော်လည်း မိုးကမပြတ်သေး။ မိုးရေကြားထဲအိမ်သို့ပြန်လာခဲ့သည်။

ရေများက လမ်းပေါ်တွင်ပြည့်လျှံနေသည်။ ကလေးငယ်များက မိုးရေထဲကစားနေသည်။ အမှောင်ထုက တဖြည်းဖြည်းကြီးစိုးလာသည်။ ကားမီးရောင်၊ ဆိုင်ကယ်မီးများက မျက်စိထဲတိုးဝင်လာသည်။ အိမ်အပြန်လမ်းက ပိုဝေးနေသလို ထင်ရသည်။ သတိထား လျှောက်နေစဉ် ဆိုင်ကယ်တစ်စီးက ကားကိုကျော်ပြီး အရှိန်လွန်လာသည်။

ဆိုင်ကယ်ကသူ့ထံတည့်တည့် ကိုဘကျော် ကြောင်ကြည့်နေရာမှ ရှောင်လိုက်သည်။ သို့သော်နောက်ကျသွားခဲ့ပေပြီ။

" ကျွီ"

"ဒုန်း"

ဆိုင်ကယ်က အရှိန်အုပ်လိုက်သလို ညာဘက်ခြေတစ်ချောင်းကို တိုက်မိ၍ခြေကျိုးခဲ့သည်။ ကိုဘကျော်လည်း လမ်းဘေးလဲကျသွားသည်။

" စည်းကမ်းမရှိ အရမ်းမောင်းတဲ့ဆိုင်ကယ်တွေ၊"

အော်ပြောသံကြားလိုက်သည်။

မည်မျှကြာသွားမှန်းမသိ။ သတိရလာချိန်တွင် လက်မောင်း၌ သွေးသွင်းထားသည်။ ကိုဘကျော် သတိရလာချိန်တွင် ကိုဘကျော်တို့ တိုက်ခန်းရှိ ဆရာဝန်ဦးရဲမြင့်တို့ဇနီးမောင်နှံ၊ အိမ်အောက်ထပ်ရှိ ဦးကံတင့်တို့ဇနီးမောင်နှံနှင့် တိုက်တွင်နေထိုင်သူများလည်း ရောက်နေကြသည်။ သူ၏ဖောက်သည် ဆံပင်ညှပ်သူအချို့လည်း စားစရာမုန့်များအပြင် လိုအပ်ပါက သွေးလှူပေးရန် စောင့်နေခြင်းဖြစ်သည်။

ကိုဘကျော်တစ်ယောက် ဝမ်းသာလွန်း၍ မျက်ရည်ကြည်များပင် ဝေ့သီနေသည်။

" အားလုံးကိုကျေးဇူးတင်ပါတယ်"

ကိုဘကျော်ကပြောသလို တိုက်ပေါ်ရှိလူအများစုပေါင်း၍ ကိုဘကျော်ကို လူမှုရေးကူညီငွေပံ့ပိုးပေးကြသည်။

"ဘာမှစိတ်ထဲမှာ မထားပါနဲ့ဗျာ။ ကျန်းမာရေးကောင်းအောင်ပဲ ကြိုးစားပါ"

ဒေါက်တာရဲမြင့်နှင့် ဦးကံတင့်တို့က အားပေးစကားပြောသည်။ ကိုဘကျော်၏ ကြမ်းတမ်းသော နှလုံးသားကနူးညံ့လာသည်။ ဆေးရုံမှ ဆင်းလာသည်နှင့် တိုက်ခန်းတွင်နေသူများကလည်း အားရဝမ်းသာ ကြိုဆိုကြသည်။

ကိုဘကျော် အမှိုက်များကို အမှိုက်ကန်သို့စွန့်သည်။ သာရေးနာရေး ကိစ္စများကို ပါဝင်ကူညီသည်။ ကိုဘကျော်စိတ်ထားပြောင်းသွားသည်။ ယခင်က နှင့်မတူတော့ပေ။

"ခင်ဗျားဆေးရုံတက်ချိန်မှာ ခင်ဗျာအခန်းထဲမှာ ကြွက်အော်သံတွေကြားရတယ်။ ကြွက်တွေကလည်း ရောဂါကိုပေးတယ်။ ပစ္စည်းတွေ ကိုက်ဖျက်ဆီးတယ်။ ကျွန်တော့်မှာ ကြောင်တွေရှိတယ်။ လိုချင်ရင် ပေးပါမယ်"

အိမ်နီးချင်းဒေါက်တာရဲမြင့်ထံမှ ကြောင်တစ်ကောင်ယူမွေးလိုက်၍ ကြွက်ငြိမ်သွားသည်။ မိတ်ဆွေကောင်းဆိုသည်မှာ ရာနှုန်းပြည့် ကူညီတတ်ကြောင်း သိလာသည်။

ကိုဘကျော် တစ်ယောက်ထုံးစံအတိုင်း ဆံပင်ညှပ်ဆိုင်ပြန်ဖွင့်သည်။ ခြေထောက်က အရင်လိုမကောင်း။ သူသွားရာလမ်းတစ်လျှောက်တွင် စည်ပင်ဝန်ထမ်းများက နေရာအနှံ့ အမှိုက်ကောက်နေကြသည်။ မြောင်းပုပ်ထဲရှိ အမှိုက်များကို မရွံမရှာကိုင်ကြသည်။

" စည်ပင်ဝန်ထမ်းတွေ မနက်ကော နေ့လယ်ရော တွေ့နေရတယ်။ အမှိုက်ကားကြီးတွေကလည်း ဥဒဟိုသွားနေကြတယ်။ နေ့စဉ် အမှိုက်တွေတန်ချိန်နဲ့ ကောက်နေရတယ်ထင်တယ်"

ဦးကံတင့်နှင့် ဒေါ်ထားကြည်တို့ကပြုံးသည်။ ကိုဘကျော် တစ်ယောက် အစစအရာရာ ပြောင်းလဲသွားပုံကိုကြည့်ပြီး တိုက်ခန်းတွင် နေထိုင်သူများလည်း အံ့သြကြသည်။

"လူဆိုတာပတ်ဝန်းကျင်နဲ့ကင်းကွာနေလို့မရဘူး၊ ငှါလှေငါထိုး ပဲခူးရောက်ရောက် နေလို့မရဘူး။ အလိုက်အထိုက်နေရမယ်လေ"။

သည်စကားက ဦးကံတင့်ပြောနေကြစကားပင်။ ကိုဘကျော် တစ်ယောက် လူတိုင်းရွံ့ရှာမုန်းတီးပြီး ချဉ်ဖတ်ထည့်သော အမှိုက်ပုံးကြီး မဖြစ်တော့ပါ။

အဘယ်ကြောင့်ဆိုသော် ကြင်နာတတ်သောနှလုံးသားရှိသည့် ဒေါက်တာရဲမြင့်နှင့် ဦးကံတင့်လိုတိုက်ခန်းပေါ်နေထိုင်သူများက အတ္တ အမှောင်အောက်တွင် အထီးကျန်နေထိုင်သော ကိုဘကျော်ကိုစေတနာမေတ္တာအလင်းများ ပေးနိုင်ခဲ့သောကြောင့်ဖြစ်ပါသည်။

## သဒ္ဒါလွှမ်း လှပန်းဝေစည်

- ကြုံလာဒုက္ခ ဖေးမကူပါ
  သဘာဝဘေး ကင်းဝေးစေရာ
  လူနှင့်လူချင်း ကိုယ်ချင်းစာနာ
  မေတ္တာထား ပွားများအကြင်နာ။

- ကြမ္မာမသန်း အေးချမ်းပါစေ
  အန္တရာယ်များ ရှောင်ရှားမသွေ
  ဘဝသက်ဆုံး အပြုံးလှိုင်ဝေ
  ကြံသမျှ ရကြကောင်းကျိုးတွေ။

- ရန်သူငါးမျိုး ဆိုးကျိုးသွေဖည်
  မြန်ပြည်တစ်ဝန်း လှပန်းဂုဏ်ထည်
  တိုင်းရင်းသားတို့ ချစ်ဖို့ကြံရွယ်
  မုန်းမရှိ ပြုံးသည့်နှောင်ကြိုးသွယ်။

- ဂုဏ်မာန်ဓန အတ္တမဆင်
  သံသာသီကျူး ညွှတ်နူးအစဉ်
  နွေးထွေးသမု ကရုဏာဝင်
  အပြစ်ဝေး ညစ်ကြေးမရှိအင်။

- ဖြူစင်စိတ်ရင်း အပ်နှင်းယုံကြည်
  အများကောင်းကျိုး သယ်ပိုးအတည်
  မကောင်းမှုများ ရှောင်ရှားစေမည်
  သဒ္ဒါလွှမ်း လှပန်းဝေဝေစည်။

- တရားဓမ္မ သုံးကြပါကို
  ဘာဝနာပွား အများကြည်ညို
  သီလအမြတ် စောင့်ကြပ်ကြိုးဆို
  နိဗ္ဗာန်နှင်း လှမ်းခြင်းမဝေးလို။ ။

**အဝေရာကိုကို**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အပူပိုင်းသစ်တောကြိုးဝိုင်းထိန်းသိမ်းရေးအတွက် ဘရာဇီးအစိုးရက ဗြိတိန်အစိုးရထံမှ အမေရိကန်ဒေါ်လာ ၅၄၁ သန်းချေးယူရန် ကမ်းလှမ်း



**လန်ဒန် စက်တင်ဘာ ၄**

ဘရာဇီးနိုင်ငံရှိ အပူပိုင်းသစ်တောကြိုးဝိုင်းများ ပြုန်းတီးမှုရှိလာသည့်အတွက် ဘရာဇီးအစိုးရက အပူပိုင်းသစ်တောကြိုးဝိုင်းထိန်းသိမ်းရေးအတွက် ဗြိတိန်အစိုးရထံမှ အမေရိကန်ဒေါ်လာ ၅၄၁ သန်းချေးယူရန် ကမ်းလှမ်းလိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံတွင် အမေဇုန်သစ်တောကြိုးဝိုင်း ထိန်းသိမ်းရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီး အမေဇုန်သစ်တောကြိုးဝိုင်းသည် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အရေးပါသည့် သစ်တောကြိုးဝိုင်းဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံတချို့ကလည်း ရန်ပုံငွေများ နှစ်စဉ်ပုံမှန် ထည့်ဝင်ပေးလျက်ရှိကြောင်း၊ အလားတူ အပူပိုင်းသစ်တော ကြိုးဝိုင်းသည်လည်း ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများအတွက် အရေးပါနေ၍ ထိန်းသိမ်းရေးအတွက် ရန်ပုံငွေများလိုအပ်လာကြောင်း သိရသည်။

"ဘရာဇီးနိုင်ငံက အပူပိုင်းသစ်တောကြိုးဝိုင်းတွေ ထိန်းသိမ်းရေးအတွက် ချေးငွေထုတ်ယူဖို့ ကမ်းလှမ်းထားပါတယ်။ ဗြိတိန်နိုင်ငံအနေနဲ့ အခွန်ကောက်ခံရရှိထားတဲ့ငွေတွေကို အကျိုးရှိတဲ့နေရာမှာအသုံးပြုသွားဖို့ ရည်ရွယ်ပြီး ချေးငွေထုတ်ချေးပေးသွားဖို့ ဆုံးဖြတ်ခဲ့တာပါ"ဟု ဗြိတိန်စွမ်းအင်လုံခြုံရေးနှင့် ကာဗွန်သုညမှတ်ရောက်ရှိရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဟန်ဂေရီအစိုးရက အပူချိန်မြင့်တက်မှုနှင့် မိုးခေါင်ရေရှားမှုများကို ရင်ဆိုင်ဖြေရှင်းရန် သစ်ပင်သန်းပေါင်းများစွာ စိုက်ပျိုးရန်စီစဉ်နေ

**ဘူဒါပတ် စက်တင်ဘာ ၄**

ဟန်ဂေရီအစိုးရက ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် အပူချိန်မြင့်တက်မှုနှင့် မိုးခေါင်ရေရှားမှုများကို ရင်ဆိုင်ဖြေရှင်းရန် သစ်ပင်သန်းပေါင်းများစွာ စိုက်ပျိုးရန် စီစဉ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ဟန်ဂေရီအစိုးရက အပူချိန်မြင့်တက်မှုနှင့် မိုးခေါင်ရေရှားမှုများကို ရင်ဆိုင်ဖြေရှင်းရန် ဆောင်ရွက်နေသည့် အဆိုပါသစ်ပင်စိုက်ပျိုးရေးအစီအစဉ်ကို ယခုလအတွင်း စတင်ရန်စီစဉ်ထားကြောင်း ဟန်ဂေရီဝန်ကြီးချုပ် ပီတာမက်ဂ်ယာက ပြောကြားခဲ့သည်။

ထို့ပြင် သစ်ပင်စိုက်ပျိုးရေးနှင့် သစ်တောထိန်းသိမ်းရေးအစီအစဉ်ကို ၂၀၃၀ ပြည့်နှစ်ထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး သစ်ပင်များကို နိုင်ငံတစ်ဝန်း ပြုန်းတီးနေသော သစ်တောများ၊ မြစ်ချောင်းများတစ်လျှောက်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်သည့် သစ်ပင်မျိုးစိတ်များ၊ နှစ်ရှည်ပင်များနှင့် အရိပ်ရသစ်ပင်များကို အဓိကစိုက်ပျိုးသွားမည်ဖြစ်သည့်အပြင် သစ်တောများ ပြန်လည်ထူထောင်ခြင်းနှင့် ကျူးကျော်မျိုးစိတ်များ ထိန်းချုပ်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့်အတူ ရေသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ပူးတွဲလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# ဆလိုဗက်ကီးယားနိုင်ငံ အမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်

**ဘရက်တစ်စ်လာဗာ စက်တင်ဘာ ၄**

ဆလိုဗက်ကီးယားနိုင်ငံ အမျိုးသားဥယျာဉ်တွင် စက်တင်ဘာ ၃ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး ယနေ့တွင်လည်း ဆက်လက်လောင်ကျွမ်းနေသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆက်လက် ငြိမ်းသတ်နေကြောင်း သိရသည်။

အဆိုပါတောမီးသည် ဆလိုဗက်ကီးယားနိုင်ငံ အရှေ့ပိုင်းရှိ စလိုဗန်စကိုင်းရက် အမျိုးသားဥယျာဉ်တွင် ဖြစ်ပွားခဲ့ပြီး အဆိုပါတောမီးကြောင့် ထင်းရှူးတောမီတာ ၂၀၀ ပတ်လည်ကို ထိခိုက်ခဲ့ကြောင်း၊ ပူပြင်းခြောက်သွေ့မှုနှင့် လေပြင်းတိုက်ခတ်မှုက တောမီးကို ပိုမိုပြင်းထန်လာစေကြောင်း သိရသည်။



တောမီးငြိမ်းသတ်ရေးလုပ်ငန်းတွင် စေတနာ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သစ်တောဝန်ထမ်းများနှင့် မြေပြင်အထူးမီးသတ်တပ်ဖွဲ့တို့ ပါဝင်ဆောင်ရွက်နေပြီး မီးငြိမ်းသတ်ရေးအတွက် ရဟတ်ယာဉ်တစ်စင်းကိုလည်း အသုံးပြုခဲ့ကြောင်း သိရသည်။

ယခု တောမီးလောင်ကျွမ်းခဲ့သည့်ဒေသသည် ခရန်ဘယ်ရီနှင့် ဘလူးဘယ်ရီသီးများ အဓိက စိုက်ပျိုးရာဒေသဖြစ်ပြီး ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများသည့် နေရာဖြစ်ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းရခြင်း အဓိကအကြောင်းရင်းမှာ ခရန်ဘယ်ရီနှင့် ဘလူးဘယ်ရီသီးများ ခူးယူရန် လာရောက်လည်ပတ်သူများ၏ မီးပေါ့ဆမှုကြောင့် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်နိုင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# ၂၀၂၆ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော အယ်နီညိုရာသီဥတုက ကမ္ဘာ့သက်တမ်းတစ်လျှောက် အားအကောင်းဆုံးအယ်နီညိုဖြစ်ကြောင်း ထုတ်ပြန်

**ဂျီနီဗာ စက်တင်ဘာ ၄**

၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အယ်နီညိုရာသီဥတုဖြင့် ရင်ဆိုင်နေရပြီး ကမ္ဘာ့သက်တမ်းတစ်လျှောက် အားအကောင်းဆုံးအယ်နီညိုရာသီဥတုဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO) က အတည်ပြုထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၇ ခုနှစ် နှစ်ဦးပိုင်းထိ အယ်နီညိုရာသီဥတု ဆက်လက်ဖြစ်ပေါ်မည်ဖြစ်ပြီး အားအကောင်းဆုံး အယ်နီညိုရာသီဥတုဖြစ်လာနိုင်ကြောင်း၊ အယ်နီညိုရာသီဥတုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိုးခေါင်မှုများ၊ ရေကြီးရေလျှံမှုများနှင့် အပူချိန်မြင့်တက်မှု ပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အယ်နီညိုရာသီဥတုသည် ၂၀၂၇ ခုနှစ်ဖေဖော်ဝါရီလထိ ဖြစ်ပေါ်သွားနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO) က ထုတ်ပြန်ခဲ့သည်။

"ကမ္ဘာတစ်ဝန်းမှာ အယ်နီညိုရာသီဥတုတွေ ဖြစ်ပေါ်နေပါတယ်။ အယ်နီညိုရာသီဥတုက အားကောင်းနေပါတယ်။ ကမ္ဘာ့သက်တမ်းတစ်လျှောက် အားအကောင်းဆုံး အယ်နီညိုရာသီဥတုဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အယ်နီညိုရာသီဥတုဟာ ၂၀၂၇ ခုနှစ်ဖေဖော်ဝါရီလထိ ကြာမြင့်သွားနိုင်ပါတယ်။ ၂၀၂၇ ခုနှစ်ထိ အားကောင်းတဲ့ အယ်နီညိုရာသီဥတုမျိုး ဆက်လက်ဖြစ်ပေါ်နိုင်ပါတယ်။ အယ်နီညိုရာသီဥတုရဲ့ နောက်ဆက်တွဲပြဿနာတွေဖြစ်တဲ့ ရေကြီးရေလျှံမှုတွေ၊ မိုးခေါင်မှုတွေနဲ့ အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်နိုင်တဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့လိုအပ်လိမ့်မယ်"ဟု WMO မှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# တောင်ကိုရီးယားနိုင်ငံတွင် ၂၀၂၆ ခုနှစ် နွေကာလအတွင်း သက်တမ်းတစ်လျှောက် တတိယမြောက်အပူချိန်အမြင့်ဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့

**ဆိုးလ် စက်တင်ဘာ ၄**

တောင်ကိုရီးယားနိုင်ငံတွင် ၂၀၂၆ ခုနှစ် နွေကာလအတွင်း အပူချိန်ပမာဏ ၂၅ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံ သက်တမ်းတစ်လျှောက် တတိယမြောက် အပူချိန်အမြင့်ဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တောင်ကိုရီးယား မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှု ထိခိုက်ခဲ့ကြောင်း၊ လုပ်ငန်းခွင်တချို့ကိုလည်း ရပ်နားခဲ့ရသည့်အတွက် စီးပွားရေးကဏ္ဍတွင် ထိခိုက်နစ်နာမှုများရှိခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏသည် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၁ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်မားခဲ့ကြောင်း သိရသည်။

"၂၀၂၆ ခုနှစ် နွေကာလအတွင်း အပူချိန်တွေ စံချိန်တင်မြင့်တက်ခဲ့ပါတယ်။ အပူချိန်ပမာဏဟာ ၂၅ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့ပြီး ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၁ ဒသမ ၇ ဒီဂရီစင်တီဂရိတ် မြင့်မားခဲ့ပါတယ်။ အပူချိန်မြင့်တက်မှုတွေကြောင့် ကဏ္ဍအသီးသီးမှာ ဆုံးရှုံးနစ်နာမှုတွေရှိခဲ့ပါတယ်" ဟု တောင်ကိုရီးယား မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မှတ်တမ်းများအရ တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၅ ခုနှစ်တွင် အပူချိန်အမြင့်ဆုံး ပမာဏ ၂၅ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် အပူချိန်ဒုတိယအမြင့်ဆုံးပမာဏ ၂၅ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း တောင်ကိုရီးယား မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**



# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက အိမ်ကွင်းကစားပုံကောင်းနေတဲ့ အာဆင်နယ်အသင်း၊ ဘိုလော့နာအသင်း၊ အလာဗက်အသင်းတို့ကို အားပေးရမှာပါ

ML




ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုနဲ့ ခြေရည်တူအသင်းတွေတွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ် တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်ကအသင်းကြီးတွေနဲ့ အိမ်ရှင်အသင်းတွေ ရလဒ်ကောင်းခဲ့ပြီး အီတလီစီးရီးအေနဲ့လာလီဂါမှာလဲ အသင်းကြီးတွေ ရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ ပြင်သစ်လီဂူးပြိုင်ပွဲမှာတော့ လိုင်ယွန်နဲ့နိုက်အသင်းတို့ရှုံးပွဲကြုံခဲ့ပြီး ကျန်အသင်းတွေကတော့ ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ ရာသီအစပွဲစဉ်တွေမှာ အသင်းအများစုဟာ ကစားကွက်ပိုင်းအထိုင်ကျဖို့ ရုန်းကန်နေရတာကြောင့် ခြေရည်တူအသင်းတွေကိုရွေးချယ်တဲ့အခါ အိမ်ကွင်းအားသာချက်နဲ့ ကစားပုံထက်မြက်တဲ့အသင်းတွေကိုသာ ဦးစားပေးချဉ်းကပ်ရတာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့တနင်္ဂနွေနေ့ညမှာတော့ အိမ်ရှင်အားသာချက်နဲ့ နိုင်ပွဲရဖို့ကြိုးစားလာမဲ့ အာဆင်နယ်အသင်း၊ ဘိုလော့နာအသင်း၊ အလာဗက်အသင်းတို့ကို အားပေးရမှာဖြစ်ပါတယ်။

### အာဆင်နယ်အသင်း ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ် (၃) မှာအကြိုက်တွေ့မိတာကတော့ အာဆင်နယ်အသင်းနဲ့ ချဲလ်ဆီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိချန်ပီယံအာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့ရာသီ ချဲလ်ဆီးအသင်းနဲ့တွေ့ဆုံမှုလေးကြိမ်မှာ သုံးပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ အသာရခဲ့တာကိုတွေ့ရမှာပါ။ အဖွင့်ပွဲစဉ်မှာ တန်းတက်ကိုဗင်ထရီအသင်းကို ပွဲစဉ်တစ်လျှောက်ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ကစားနိုင်ခဲ့ပြီး သုံးဂိုးပြတ်နဲ့နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ အာဆင်နယ်အသင်းဟာ အသင်းကြီးတွေနဲ့ဆို တိုက်စစ်ဖွင့်မကစားဘဲ ပြိုင်ဘက်ကိုထိန်းချုပ်နိုင်ဖို့ ဘောလုံးကိုင်ကစားတာကြောင့် ချဲလ်ဆီးအသင်းအနေနဲ့ ခံစစ်ပိုင်းမပြေင်နိုင်ခဲ့ရင်တော့ အခုပွဲမှာ ပေးဂိုးများသွားမှာဖြစ်ပါတယ်။

ချဲလ်ဆီးအသင်းဟာ နည်းပြအလွန်ဆိုတာဝန်ယူပြီးနောက်ပိုင်း ကစားသမားသစ်တွေထပ်မံခေါ်ယူနိုင်ခဲ့သလို အသင်းကစားကွက်နဲ့ ကိုက်ညီမှုမရှိတဲ့ကစားသမားတွေကိုလဲ ရောင်းချခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကလဲ နည်းပြအလွန်ဆိုလက်ထက်မှာ တိုက်စစ်ကစားပုံ ထက်မြက်လာခဲ့ပြီး အဖွင့်ပွဲမှာ ဖူလ်ဟမ်အသင်းကို သုံးဂိုးနှစ်ဂိုး၊ ပွဲစဉ် (၂) မှာ ဘရိုက်တန်အသင်းကို လေးဂိုးသုံးဂိုးနဲ့နိုင်ပွဲရခဲ့တာကြောင့် နှစ်ပွဲနိုင်နဲ့ အမှတ်ပေးဇယားအဆင့် (၄) မှာရောက်ရှိနေတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာတော့ ချဲလ်ဆီးအသင်းတိုက်စစ်ပိုင်းက သွင်းဂိုးခုနစ်ဂိုးထိသွင်းယူနိုင်ခဲ့ပေမဲ့ ခံစစ်ပိုင်းကတော့ နှစ်ပွဲပေါင်း ငါးဂိုးထိ ခွင့်ပြုခဲ့ရတာကိုသတိပြုရမှာပါ။ ဒါကြောင့် နည်းပြအလွန်ဆိုအနေနဲ့ အခုပွဲမှာ ခံစစ်ကစားပုံမပြေင်နိုင်ခဲ့ရင်တော့ အာဆင်နယ်အသင်း တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့မလွယ်ပါဘူး။ အာဆင်နယ်အသင်းနိုင်ပွဲရဖို့ သေချာနေတာဖြစ်လို့ အိမ်ရှင်အာဆင်နယ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

#### အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၂ | - | ၃ | ဒေါ့မွန် |
| အာဆင်နယ် | ၁ | - | ၁ | ကိုမို |
| အာဆင်နယ် | ၃ | - | ၀ | မန်စီးတီး |
| အာဆင်နယ် | ၃ | - | ၀ | ကိုဗင်ထရီ |
| အေဗီလာ | ၀ | - | ၁ | အာဆင်နယ် |

#### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီဟိုးဒါရှုလ် | ၃ | - | ၃ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၃ | - | ၁ | ဆိုစီဒက် |
| ဖူလ်ဟမ် | ၂ | - | ၃ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၂ | - | ၀ | လူတန် |
| ချဲလ်ဆီး | ၄ | - | ၃ | ဘရိုက်တန် |

### ဘိုလော့နာအသင်းကို ရွေးရမှာပါ

အီတလီစီးရီးအေပွဲစဉ် (၃) မှာ အကြိုက်တွေ့မိတာကတော့ ဘိုလော့နာအသင်းနဲ့ ဆက်ဆူအိုလိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘိုလော့နာအသင်းဟာ ပြီးခဲ့တဲ့နှစ်အနည်းငယ်မှာ နည်းပြကောင်းနဲ့ ကစားသမားကောင်းတွေပေါ်ထွက်လာခဲ့ပေမဲ့ ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ခြင်းမရှိတာကြောင့် လက်ရှိမှာ ရလဒ်ကောင်းဖို့ရုန်းကန်နေရတာဖြစ်ပြီး ပွဲစဉ် (၁) မှာ လာဇီယိုကို တစ်ဂိုးဂိုးမရှိ၊ ပွဲစဉ် (၂) မှာ အတ္တလန်တာကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့်နည်းပြ ဒီတက်စ်ကိုဟာ အခုပွဲမှာ တိုက်စစ်ကစားပုံပြောင်းလဲနိုင်မယ်ဆိုရင်တော့ ဆက်ဆူအိုလိုလို ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အသင်းကို ဂိုးသွင်းနိုင်မှာသေချာပါတယ်။ ဒ့ါပြင် ဘိုလော့နာအသင်းဟာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ဆက်ဆူအိုလိုအသင်းနဲ့ ရင်ဆိုင်ရတဲ့ပွဲတွေမှာလဲ ရှုံးပွဲမရှိခဲ့တာကြောင့် အခုပွဲမှာလဲ ဆက်ဆူအိုလိုအသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။

ဆက်ဆူအိုလိုအသင်းကတော့ ၂၀၂၄-၂၀၂၅ ခုနှစ်ဘောလုံးရာသီမှာ စီးရီးဘီကိုတန်းဆင်းသွားခဲ့ပေမဲ့ နောက်ပိုင်းနှစ်တွေမှာတော့ စီးရီးအေမှာကစားဖို့ လုံလောက်တဲ့ခြေစွမ်းမျိုးပြသနိုင်ခဲ့ပြီး ရမှတ်စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာတော့ သူတို့အသင်းအနေနဲ့ အဓိကကစားသမားခေါ်ယူနိုင်ခြင်းမရှိပေမဲ့ အသင်းရဲ့ ပထမကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အဖွင့်ပွဲမှာ အတ္တလန်တာအသင်းနဲ့တွေ့ခဲ့တာကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့ပေမဲ့ ပွဲစဉ် (၂) မှာတော့ ခြေရည်တူအသင်းဖြစ်တဲ့ တိုရီနိုအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ ဘိုလော့နာအသင်းက အသာရထားတာကြောင့် အခုပွဲမှာ အိမ်ရှင်အားသာချက်နဲ့ နိုင်ပွဲရှာရမဲ့ ဘိုလော့နာအသင်းကိုပဲရွေးရမှာပါ။

#### ဘိုလော့နာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | ၂ | - | ၀ | အီရာလစ် |
| ဘိုလော့နာ | ၃ | - | ၁ | ကမ်ပူး |
| ဘရိုက်တန် | ၁ | - | ၀ | ဘိုလော့နာ |
| ဘိုလော့နာ | ၀ | - | ၁ | လာဇီယို |
| အတ္တလန်တာ | ၁ | - | ၀ | ဘိုလော့နာ |

#### ဆက်ဆူအိုလိုရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆက်ဆူအိုလို | ၁ | - | ၄ | ဆဲလ်တာဗီဂို |
| ဆက်ဆူအိုလို | ၃ | - | ၀ | ဆီနာ |
| အတ္တလန်တာ | ၂ | - | ၁ | ဆက်ဆူအိုလို |
| ဆက်ဆူအိုလို | ၂ | - | ၁ | တိုရီနို |
| ဆက်ဆူအိုလို | ၁ | - | ၁ | ဖရိုစင်ဝမ်း |

### အလာဗက်အသင်းနဲ့ လက်တွဲရမှာပါ

လာလီဂါပွဲစဉ်(၄)မှာအကြိုက်တွေ့မိတာကတော့အလာဗက်အသင်းနဲ့ အိုဆာဆူနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အခုအပြောင်းအရွှေ့မှာတော့ ထိပ်တန်းအဆင့်ကစားသမားတွေ ဖြည့်တင်းနိုင်ခြင်းမရှိပေမဲ့ အသင်းရဲ့အဓိကကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကြောင့် အဖွင့်ပွဲမှာ ဂီတာဖေးအသင်းကို သုံးဂိုးဂိုးမရှိ၊ ဗယ်လ်ကာနိုအသင်းကို တစ်ဂိုးစီသရေ၊ ဗီလာရီးရဲလ်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ လာလီဂါသုံးပွဲအပြီးမှာ အမှတ်ပေးဇယားအဆင့် (၄) နေရာထိရောက်ရှိခဲ့ပြီး ယုံကြည်မှုအားကောင်းနေတာကိုသတိပြုရမှာပါ။ ခြေရည်တူအသင်းတွေအနေနဲ့ အလာဗက်အသင်းကို အိမ်ကွင်းမှာယှဉ်ကစားဖို့မဖြစ်နိုင်ပါဘူး။

အိုဆာဆူနာအသင်းကတော့ လာလီဂါပွဲစဉ်သုံးပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရမှတ်ခုနစ်မှတ်ရခဲ့လို အမှတ်ပေးဇယား အဆင့် (၅) ကို ရောက်ရှိနေတာတွေ့ရမှာပါ။ သူတို့အသင်းကလဲ ပြီးခဲ့တဲ့ အပြောင်းအရွှေ့မှာ အဓိကကစားသမားခေါ်ယူမှုမရှိခဲ့ပေမဲ့ အသင်းလိုက်ကစားအားကတော့ ကျဆင်းသွားခြင်းမရှိတာကြောင့် အဖွင့်ပွဲမှာ လီဗန်တေးအသင်းကို ဂိုးမရှိသရေ၊ ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုးတစ်ဂိုး၊ ဂီတာဖေးအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုတွေမှာ အိုဆာဆူနာအသင်း အသာရထားပေမဲ့ နောက်ပိုင်းနှစ်တွေမှာ အလာဗက်အသင်းရဲ့ အိမ်ကွင်းမှာ အိုဆာဆူနာအသင်း နိုင်ပွဲရဖို့ရုန်းကန်နေရတာကြောင့် အခုပွဲမှာလဲ အိမ်ကွင်းအားသာချက်ရှိနေတဲ့ အလာဗက်အသင်းနဲ့ပဲလက်တွဲရမှာဖြစ်ပါတယ်။

#### အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အလာဗက် | ၁ | - | ၁ | အီဘာ |
| အလာဗက် | ၃ | - | ၀ | ကက်စတယ်လွန် |
| အလာဗက် | ၃ | - | ၀ | ဂီတာဖေး |
| ဗယ်လ်ကာနို | ၁ | - | ၁ | အလာဗက် |
| အလာဗက် | ၁ | - | ၀ | ဗီလာရီးရဲလ် |

#### အိုဆာဆူနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နေ့ဝှစ် | ၁ | - | ၂ | အိုဆာဆူနာ |
| နာပိုလီ | ၂ | - | ၁ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၀ | - | ၀ | လီဗန်တေး |
| ဆဲလ်တာဗီဂို | ၁ | - | ၂ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၁ | - | ၀ | ဂီတာဖေး |

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| နေပြည်တော် | ဖုန်း | - ၀၉-၄၃၀၂၈၁၂၀၊ ၀၉-၄၂၂၁၈၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - ၀၉-၆၈၈၈၈၃၅၅၈ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၈၄၈၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

ဒီပဲယင်း စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၈၄၈၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၈၄၈၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဒီပဲယင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲဧက ၈၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးသွားမယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ် စိုက်ပျိုးကြကြောင်းနှင့် ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။

(၂၀၆)

## နတ်တလင်းမြို့နယ် ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နတ်တလင်း စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်သက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၃၆ သသမ ၃ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၁၃ သသမ ၁ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၂၁ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၂ သသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို ရန်ပုံငွေကျပ် ၃၆ သသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်ထံမှ သိရသည်။ **သန္တာ**








## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊မိတ္ထီလာခရိုင်၊ဝမ်းတွင်းမြို့နယ်၊ ဂုဏ်ရွှာအခြေခံပညာအထက်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်လင်းလင်းပိုင်၏ဖခင်အမည်မှန်မှာ **ဦးဝင်းနိုင်နှင့် ဦးဝင်းမှာ** တစ်ဦးတည်းဖြစ်ပါကြောင်း။။

**ဦးဝင်းနိုင်(ခ)ဦးဝင်း(၉/ဝတန(နိုင်)၀၁၉၀၆၄)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊အထက(၁၄)၊အထက်တန်းကျောင်း၊ Grade-8 မှ မောင်ထွန်းတောက်လင်း၊ Grade-6 မှ မမေသူစိုးတို့၏ ဖခင်အမည်မှန်မှာ **ဦးမြသန်းထွန်း** ဖြစ်ပါကြောင်း။

**ဦးမြသန်းထွန်း(၁/ကမန(နိုင်)၀၁၉၄၆၉)**

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက်နေ (ဘ) ဦးစိုင်းအောင်လေး(၁၃/ကမန(နိုင်)၁၀၄၈၁၈)၏ သမီး အမှတ်(၂၅)ရတနာသိင်္ဂီသီလရှင်စာသင်ကျောင်းမှ Grade-5 ကျောင်းသူ မနေခြည်ခင်အား **မယွန်းနဒီခိုင်**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မယွန်းနဒီခိုင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၁)၊ Grade-7(B)မှ မလှိုင်သော်နဒီ(၄၂၅၀)၏ ဖခင်အမည်မှန်မှာ **ဦးထွန်းထွန်းကျော်** ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းကျော်**
**(၉/ခမစ(နိုင်)၀၁၀၇၄၃)**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊အမှတ်(၉)ရပ်ကွက်၊အကွက်အမှတ်(၂၀/က)၊ ကွေ့ကြီးအရှေ့၊ဦးပိုင်အမှတ်(၁၈၆)၊အမည်ပေါက် (အလျား ၁၂'-၉" x အနံ ၃၈'-၀")အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဒေါ်အိပြည့်ဖြိုး(၉/မခန(နိုင်)၂၁၆၈၈၅)ကိုင်ဆောင်သူမှ (အလျား၁၀'-၀"xအနံ ၃၀'-၀")၊Iron Frame တစ်ထပ် (အကာမပါ) အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါကဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက ဟင်းငူ Grade-12 (STEAMS-2)တွင် ပညာသင်ကြားနေသော မဆွေဆွေသိန်း၏ ဖခင်အမည်မှန်မှာ **ဦးဇော်ထွန်းနိုင်** ဖြစ်ပါကြောင်း။

**ဦးဇော်ထွန်းနိုင် (၉/စကတ(နိုင်)၁၅၀၆၇၇)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ဖောင်တော်ဦးကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်ဟိန်းစိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးငွေးဦး ဖြစ်ပါကြောင်း။

**ဦးငွေးဦး**
**(၅/အတန(နိုင်)၀၅၆၈၆၁)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ ဂုဏ်ထူးဦးချမ်းသာ ကိုယ်ပိုင်ကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မချစ်စုဝေ၏ ဖခင်အမည်မှန်မှာ **ဦးထွန်းကြည်** ဖြစ်ပါကြောင်း။

**ဦးထွန်းကြည်**
**(၉/မလန(နိုင်)၁၁၄၉၄၂)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ ဂုဏ်ထူးဦးချမ်းသာ ကိုယ်ပိုင်ကျောင်း၊ Grade-၉ တန်းတွင် ပညာသင်ကြားနေသော မစိုးမြတ်သူ၏ဖခင်အမည်မှန်မှာ **ဦးထွန်းဝေ** ဖြစ်ပါကြောင်း။

**ဦးထွန်းဝေ**
**(၉/မထလ(နိုင်)၂၇၀၅၁၆)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၈ လမ်း၊ ၇၂ လမ်း၊ မဟာနွယ်စဉ်ရပ်နေ ဦးခင်မောင်ဦး (ဘ)ဦးကိုကြီး၊ (၉/ပမန(နိုင်)၀၈၃၇၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်-MI-805097 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-43129308.

## ပျောက်ဆုံးကြောင်း

ကျီးဖေ (ဘ) ဦးထန်ရှောက်ဆန်း(၁၃/လရန(နိုင်)၂၂၀၀၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်-MD-567469)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-776909116.

## ပျောက်ဆုံးကြောင်း

ယောက်စူး(ခ)အောင်စိန် (ဘ) လီစိန်ယုအင်(ခ)ဦးစိန်ရင်(၉/မရတ(နိုင်)၁၁၂၆၂၁)ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-259230988.

**သစ်တောနဲ့**
**သစ်ပင်**
**ချစ်ခင်တဲ့**
**လူမျိုး**
**သစ်ပင်ကို**
**နှစ်စဉ်စိုက်**
**ရွှေတိုက်**
**ကိုစိုး**

**အိမ်ပြင်ပဘွဲ့ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့

## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် Viettel ဆက်သွယ်ရေးကုမ္ပဏီတို့သို့ သွားရောက်လေ့လာ



နေပြည်တော် စက်တင်ဘာ ၄

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် Viettel ဆက်သွယ်ရေးကုမ္ပဏီတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

### Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ

ဦးစွာ နိုင်ငံတော်သမ္မတသည် ဟနွိုင်းမြို့မှ Hai Phong မြို့သို့ အထူးမော်တော်ယာဉ်တန်းဖြင့် သွားရောက်ခဲ့ပြီး လမ်းကြောင်းတစ်လျှောက်တွင် ဗီယက်နမ်နိုင်ငံ၏ လမ်းပန်းဆက်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**ရတနာပုံ ယနေ့ဖတ်စရာ**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိများကို တွေ့ဆုံအမှာစကားပြောကြား

စာမျက်နှာ - ၂၀

ဝေါ်နမြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခု၊ ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ - ၁၉

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDFအမည်ခံ အဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး တစ်ဦးတို့ လက်နက်၊ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် စက်တင်ဘာ ၄

တပ်မတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် နယ်မြေများကို

စာမျက်နှာ ၂၄ ကော်လံ ၁ ❖

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။



## နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်

စာမျက်နှာ ၂၄ ကော်လံ ၁ ■

## ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့်ပထမအဆင့်ရှုံးထွက်ပွဲစဉ်များကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့

စာမျက်နှာ ၂၅ ကော်လံ ၁ ◆

